# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၅)၊ အမှတ်(၃၁၂)


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day - 2026 )အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

"နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day – 2026 ) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရုရှားနိုင်ငံ ဗုဒ္ဓဘာသာ ပညာရေးနှင့် သုတေသနဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၂

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (SIBA) နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗုဒ္ဓဘာသာ ပညာရေးနှင့် သုတေသနမြှင့်တင်ရေးဖောင်ဒေးရှင်း (Foundation for the Promotion of Buddhist Education and Research) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်ကို ဩဂုတ် ၁၁ ရက်တွင် မော်စကိုမြို့၌ အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သဘောတူညီချက်၏ အဓိက ရည်ရွယ်ချက်မှာ နှစ်ဖက်အဖွဲ့အစည်းများအကြား ဗုဒ္ဓဘာသာစာပေ၊ သုတေသန၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်နှင့် အပြန်အလှန်နားလည်မှု တိုးတက်စေရန် ရည်ရွယ်ကြောင်း သိရသည်။

စာမျက်နှာ ၂ ကော်လံ ၃ ✻

## ယနေ့ မာ တိ ကာ


လူငယ်ကျန်းမာ၊ အနာဂတ်ချမ်းသာ - နောက်ခံမတူပြား၊ ရည်မှန်းတူထား
ဆောင်းပါး ◆ ၆

မန္တလေးတိုင်းဒေသကြီးအတွင်း သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည်
ပြည်တွင်းသတင်း ◆ ၁၁

လူငယ်ဆိုတာ အနာဂတ်ရဲ့ အရင်းအမြစ်တွေဖြစ်တာမို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်
တွေ့ဆုံမေးမြန်း ◆ ၁၂


## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ဘဏ်တို့မှတစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆



## ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဆို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၁၂

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး

စာမျက်နှာ ၇ ကော်လံ ၁ ❏



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ❍

## စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွ တည်ဆောက်

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ကာလရှည်ကြာစွာဖြစ်ပွားပြီးနောက် အချိန်အခါတစ်ရပ်တွင်ပြီးဆုံးကာ ငြိမ်းချမ်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ကြသည့် နိုင်ငံများစွာ ကမ္ဘာတွင် ရှိခဲ့ပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများဟူသည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းကြခြင်းဖြစ်ရာ ပါဝင်ပတ်သက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်သူများ၏ နိုင်ငံရေးအလိုဆန္ဒအပေါ်တွင်သာ ငြိမ်းချမ်းရေးက မူတည်နေသည်။

မိမိတို့နိုင်ငံကို ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိသည်။ ယခင်က ပြည်တွင်းပြည်ပအခြေအနေများအရ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို လက်မခံခဲ့သော်လည်း မျက်မှောက်ခေတ် ပြောင်းလဲလာသည့်အခြေအနေများအရ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးကို မျှော်မှန်း၍ရပြီဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်နိုင်ရန် အချက် ၄၃ ချက်ပါ ပြင်ဆင်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ရာ နိုင်ငံတော်၏ ဒီမိုကရေစီယန္တရားနှင့် နိုင်ငံရေးလမ်းကြောင်းတို့မှာ စနစ်တကျကောင်းမွန်ဖြောင့်တန်းစွာ လည်ပတ်လျက်ရှိသည်ကို တွေ့ရှိနိုင်သည်။ လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် သဘောထားကွဲလွဲမှုများနှင့် လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် အဖြေမရှာဘဲ နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာ အဖြေရှာနိုင်သည့်အခြေအနေ နိုင်ငံတွင်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

"ယခုအချိန်တွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွ တည်ဆောက်ကြရန်လိုပြီး နိုင်ငံတစ်ဝန်းလုံး အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကို တည်ဆောက်သည့်နေရာတွင် မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့်အစား ခေတ်စနစ်နှင့်ကိုက်ညီသည့်၊ ဖြစ်သင့်ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်လိုအပ်ကြောင်း" နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောကြားခဲ့သည်နှင့်အညီ အခြေအနေ၊ အချိန်အခါနှင့်ကိုက်ညီစွာ ဖြစ်သင့်သည်၊ ဖြစ်နိုင်သည်ကို ဆောင်ရွက်ကြရန်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ဒေသများစွာတို့၌ မျိုးနွယ်စု၊ လူမျိုးစုများစွာတို့ အတူတကွနေထိုင်နေကြခြင်းဖြစ်ရာ မတူကွဲပြားမှုများအားလုံး စည်းလုံးညီညွတ်ကြရန်လိုသည်။ မြန်မာနိုင်ငံ၏ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်သည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အဖြစ် စုစည်းညီညွတ်စွာ တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံရေးသဘောကွဲလွဲမှု၊ မကျေလည်မှုတို့ကို အကြောင်းပြုကာ လက်နက်ကိုင်တိုက်ခိုက်မှုများက ဒေသများစွာတို့တွင်ရှိနေသည့် ရပ်ရွာလူ့အဖွဲ့အစည်းများကို ထိခိုက်ဆုံးရှုံးမှု၊ အားနည်းချည့်နဲ့မှု၊ လူမှုဘဝနိမ့်ကျမှုများ ဖြစ်ပေါ်စေသည်။ လူ့အသိုင်းအဝိုင်း တစ်ခုနှင့်တစ်ခုကြား အထင်အမြင်လွဲမှားမှု၊ မုန်းတီးမှုနှင့် ရန်ငြိုးအာဃာတတို့ ဖြစ်စေသည်။ ငြိမ်းချမ်းရေးမရသေးသရွေ့၊ လက်နက်ကိုင်တိုက်ခိုက်မှုများ ရှိနေသရွေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ ဆုံးရှုံးနေကြရဦးမည်ဖြစ်သလို လူတစ်ဦးချင်းစီတိုင်းအတွက်လည်း အခွင့်အရေးတို့ ဆုံးရှုံးနေကြရဦးမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာဒေသများမှာ တည်ငြိမ်အေးချမ်းမှုတို့ ဆိတ်သုဉ်းနေမည်ဖြစ်ပြီး နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းမသာသည့်အခြေအနေတွင် တဝဲလည်လည်ဖြစ်နေဦးမည်ဖြစ်သည်။

ကမ္ဘာတွင်ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံတကာအခင်းအကျင်းသစ်များအရ မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ပေါ်ထွန်းလာနေပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုကို အခြေအနေအရပ်ရပ်တို့က တောင်းဆိုလျက်ရှိသည်။ ပြည်တွင်းအခြေအနေများအရလည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများ၏လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြရမည်ဖြစ်သည်။

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ငြိမ်းချမ်းရေးသည် ငြိမ်းချမ်းရေးဖန်တီးနိုင်ခွင့် ရှိသူတို့၏ လက်ထဲတွင်ရှိနေပြီး ငြိမ်းချမ်းလိုသည့် နိုင်ငံရေးဆန္ဒရှိနေမည်ဆိုပါက ငြိမ်းချမ်းနိုင်သည်သာဖြစ်သည်။ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ရယူနိုင်ကြပြီဆိုလျှင် မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆီသို့ အရှိန်အဟုန်ဖြင့် ရောက်ရှိသွားနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာထည်ဝါစွာ ရင်ပေါင်တန်း ရပ်တည်နိုင်ပါမည့်အကြောင်း။ ။

* *ရှေ့ဖုံးမှ*

ယင်းပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်သက်တမ်းမှာ ငါးနှစ်ဖြစ်ကြောင်း သိရှိရသည်။ ပါဝင်မည့် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ဗုဒ္ဓဘာသာ ဒဿနိကဗေဒ၊ သမိုင်းနှင့် ကျင့်သုံးမှုများဆိုင်ရာ ကွန်ဖရင့်များ၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ သင်ကြားရေးဆရာ၊ သုတေသီများနှင့် စီမံခန့်ခွဲသူများ အပြန်အလှန်လဲလှယ်၍ သင်တန်းပို့ချခြင်းနှင့် သုတေသနပြုခြင်း၊ ရှေးဟောင်းဗုဒ္ဓဘာသာစာပေများ၊ သမိုင်းဝင်နေရာများနှင့် ခေတ်ပြိုင်သင်ကြားမှုများဆိုင်ရာ ပူးတွဲသုတေသနပြုခြင်းတို့ပါဝင်ကြောင်း သိရသည်။



**လက်မှတ်ရေးထိုး**

အဆိုပါစာချုပ်ကို သီတဂူဆရာတော်ကြီးနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖောင်ဒေးရှင်းနှင့် ရုရှား State University အာရှရေးရာဥက္ကဋ္ဌ Mr. Alexey Maslov တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ MT

### ၁၂ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### (၁၂-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၁၅.၃ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၅၃,၉၁၃.၄၃ | ၁၀,၈၁၈,၂၆၆.၆၃ | ၃,၂၀၉,၁၉၅.၈၃ | – |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃ - ၈ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၀၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၁၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**အကြီးတန်းသတင်းထောက်** - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့်အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❖ *ရှေ့ဖုံးမှ*

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ထူးချွန်လူငယ်မောင်မယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “လူငယ့်စွမ်းရည်” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံတွင် ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုပါက ၂၇ နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day – 2026 )အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ **ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့အသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီး**

❑ **ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်း**

ယနေ့ ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော လူငယ်များ၏ အရေးပါလှသည့် အခန်းကဏ္ဍနှင့် လူငယ်များ၏အင်အားနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြု ဂုဏ်ပြုကြိုဆိုသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏အသံ၊ သဘောထားအမြင်နှင့် အားမာန်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ကြရန် တိုက်တွန်းနှိုးဆော်အားပေးသည့်နေ့ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ၊ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်ရိုက်ခတ်မှုများ၊ လူမှုစီးပွားစိန်ခေါ်မှုများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်များကို ကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘုံအရေးကိစ္စများအနေဖြင့် ပေါ်ပေါက်လျက်ရှိနေကြောင်း။

**အဓိကမောင်းနှင်အားများအဖြစ်ပါဝင်**

ယခုကဲ့သို့ စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်သည့်အခါတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့် ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲနိုင်မှု အရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများသည် အဓိကမောင်းနှင်အားများအဖြစ် ပါဝင်နေကြကြောင်း။

ထိုသို့ အနာဂတ်အတွက် အရေးပါသည့် စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်ရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေဆိုင်ရာ အဓိကအချက်အလက်များကို ကောက်နုတ်ဖော်ပြချက်အရ ယနေ့ကမ္ဘာပေါ်တွင် အသက် (၁၅) နှစ်နှင့် (၂၄)နှစ်ကြား လူငယ်လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး အဆိုပါလူငယ်လူဦးရေ၏ ထက်ဝက်ကျော်သည် ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အောက်တွင်ရှိသည့် နိုင်ငံများတွင် နေထိုင်ကြသည်ကို တွေ့ရှိရကြောင်း။

ထို့အပြင် လူငယ်များ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံပေးရေး၊ အရည်အသွေးရှိသည့် ပညာရေးနှင့် သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းခွင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လူ့အဖွဲ့အစည်းအတွင်း လူငယ်များ အပြည့်အဝပါဝင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့ကို ဖြည့်ဆည်းပေးရန် လိုအပ်နေသည်ကိုလည်း အလေးပေးဖော်ပြထားကြောင်း။

အဆိုပါအခြေအနေများကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ဆောင်ပုဒ်ကို **“နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား – Different Contexts, Common Aspirations”** အဖြစ် ရွေးချယ်သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ လူငယ်များနေထိုင်ရာ နိုင်ငံနယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေ အကြောင်းအရာများက မတူကွဲပြားနေစေကာမူ လူငယ်အသီးသီး၏ ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကို မြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကို ဖန်တီးရေးတို့သည် လူငယ်များ၏တူညီသည့် မျှော်မှန်းချက်အဖြစ် တည်ရှိနေသည်ကို ယခုနှစ်ဆောင်ပုဒ်က မီးမောင်းထိုးပြနေကြောင်း။

**တက်တက်ကြွကြွဖြင့်ပါဝင်ဆောင်ရွက်**

ဆက်လက်ပြီး ယခုနှစ်ဆောင်ပုဒ်တွင် အခွင့်အလမ်းများ အပြည့်အဝရရှိနိုင်ရန်အတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ရှေ့တန်းမှ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နေကြသည့် စွမ်းအားတစ်ရပ်ဖြစ်သည်ကို ညွှန်းဆိုထားကြောင်း၊ အဆိုပါအချက်ကို နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအသီးသီးက အသိအမှတ်ပြုပြီး လူငယ်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် လူငယ်တစ်ဦးတစ်ယောက်၏ စွမ်းအားကို နောက်ကျကျန်မနေစေရန်အတွက် အလေးထားတိုက်တွန်းထားသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်သည့်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကအခြေခံအုတ်မြစ်များဖြစ်ကြသည့် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို *စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု)ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ)မှ Grade–11 ကျောင်းသူ မသော်တာဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆုရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက် လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

**အခွင့်အလမ်းများကို အားပေးမြှင့်တင်**

အာဆီယံဒေသ အဆင့်တွင်လည်း အနာဂတ်အတွက် အသင့်ဖြစ်နေသည့် လူငယ်များဖြစ်လာစေရန် လူမှုစွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း၊ ထို့အပြင် အာဆီယံဒေသတွင်း လူငယ်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်လာနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းအစီအစဉ်(၂၀၂၆-၂၀၃၀)ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့အရွယ်သည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့် အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်း မြင့်မားအောင်ဆောင်ရွက်ပြီး စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်ဆိုပါက အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါမျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင် ဖြစ်ကြကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ (Winner ဆု)ရရှိခဲ့သော ME (Arch) (Coursework) မှ မခြူးကေခိုင်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတကာလုံ့တံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသား မောင်ချစ်မင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့ကြောင့် လူငယ်များကို ဗလ ငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူအဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း။

မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် ယခင်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုကို သီးခြားစီပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အသစ်ဖွဲ့စည်းပေးခဲ့သည့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့် အလားအလာကောင်းများ တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုအသိုက်အဝန်းအတွင်းတွင် လူငယ်များအနေဖြင့် အကျိုးရှိရှိ ပါဝင်ဆောင်ရွက်ခွင့်များ ရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏ စွမ်းအားအသွင် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

**ပိုမိုကျယ်ပြန့်အားကောင်းလာ**

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း။

ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့် အတွေးအခေါ်များကို နိုင်ငံတော်က အလေးအနက်ထား အသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း။

ယနေ့ ဒီဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာ စီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများ ရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ် သူရအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု (Critical Thinking) ရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒီဂျစ်တယ်နိုင်ငံသား (Responsible Digital Citizen) များအဖြစ် ရပ်တည်ကြရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာအသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးလှကြောင်း၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်း ဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ တိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*



ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "လူငယ့်စွမ်းရည်" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်စဉ်။

*စာမျက်နှာ ၄ မှ*

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်တွင် ပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကို ဖော်ဆောင်နိုင်မည်ပင် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့်လုပ်ရပ် စသည့်ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက အားလုံးလိုချင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်ကိုရောက်ရှိရန် အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား- Different Contexts, Common Aspirations”** နှင့်အညီ လူငယ်များ၏မတူကွဲပြားသည့် အတွေးအမြင်များကို ပေါင်းစည်းပြီး နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ အားလုံးရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကို အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရာတွင် လူငယ်များ၏ အရည်အချင်းနှင့် အရင်းအမြစ်များကို စုစည်းစွမ်းအားအဖြစ် အသုံးပြုကြရန်လည်း အလေးနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့်နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများ ဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ်လူငယ် မောင်မယ်အားလုံးကို အထူးတိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

နိုင်ငံတစ်လွှားက လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာတတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့် စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့ရတနာ လူချွန်၊ လူကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်ပျိုးထောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များ ဖြစ်ကြသည့် ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု) ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ) မှ Grade-11 ကျောင်းသူ မသော်တာဦး၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆု (The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်၊ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် HONDA Y.E.S (Young Engineer and Scientist’s) Award 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ(Winner ဆု)ရရှိခဲ့သော ME (Arch) (Coursework) မှ မခြူးကေခိုင်ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 17th SEA U 18 & U 20 Athletics Championships လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 14th ASEAN School Game လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 68th Singapore Open Track & Field Championships လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသား မောင်ချစ်မင်းအောင်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ် သူရအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် လူငယ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မချမ်းမြေ့လဝန်းသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက “အနာဂတ်လူငယ် ထွန်းတောက်ကြယ်” တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်သမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*❍ ရှေ့ဖုံးမှ*

နောက် ၃၆ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

---

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

**ပညာရွှေအိုး လှူမခိုး**

**ပညာရဲရင့် ပွဲလယ်တင့်**



## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့ပြင် လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး နှစ်နိုင်ငံ အကျိုးစီးပွားများအား ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်း အစီအစဉ်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ပုစွန်မွေးမြူရေးကဏ္ဍအတွက် သားဖောက်ပြုစုခြင်း နည်းစနစ်များ၊ အဆင့်မြင့်မွေးမြူရေးနည်းပညာများ၊ ဇီဝလုံခြုံရေးဆောင်ရွက်မှုနှင့် ငါး၊ ပုစွန်ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးနည်းပညာများ အပြန်အလှန် ဖလှယ်ရယူဆောင်ရွက်နိုင်ရေး၊ တိရစ္ဆာန် အစာထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသန၊ နည်းပညာနှင့်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လူငယ်ကျန်းမာ၊ အနာဂတ်ချမ်းသာ - နောက်ခံမတူပြား၊ ရည်မှန်းတူထား

*ဒေါက်တာအောင်ထွဏ်း (အငြိမ်းစား၊ ကျောင်းကျန်းမာ)*

စည်ကားသိုက်မြိုက်သော မြို့ပြများတွင်ဖြစ်စေ၊ ကျေးလက်စာသင်ကျောင်းများတွင်ဖြစ်စေ၊ သို့မဟုတ် အခက်အခဲများမှ ပြန်လည်ထူထောင်နေသော လူထုအသိုက်အဝန်းများတွင်ဖြစ်စေ မြန်မာလူငယ်များသည် ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့၏ ရွယ်တူချင်းများကဲ့သို့ပင် ရိုသေလေးစားခံရမှု၊ သင့်တော်ကောင်းမွန်သော အလုပ်အကိုင်၊ အရည်အသွေးမြင့်မားသော ပညာရေး၊ ကောင်းမွန်သော ကျန်းမာရေးနှင့် မိမိတို့၏ အနာဂတ်ကို ပုံဖော်ရာတွင် စစ်မှန်သော ပါဝင်ပြောဆိုခွင့် စသည့်တူညီသော မျှော်လင့်ချက်များကို ပိုင်ဆိုင်ထားကြသည်။ ဤဆောင်းပါးသည် အဆိုပါနေ့ရက်၏ ကမ္ဘာ့အဆင့်အရေးပါပုံကို မီးမောင်းထိုးပြထားပြီး မြန်မာ့လူငယ်များ၏ ကျန်းမာရေးအခြေအနေ၊ ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ကာ အကျိုးရှိသော ပူးပေါင်းပါဝင်မှုလမ်းကြောင်းများကို ဖော်ပြပေးထားပါသည်။

**ယနေ့မြန်မာ့လူငယ်များ၏ ကျန်းမာရေးအခြေအနေ**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အသက် ၁၃ နှစ်မှ ၁၇ နှစ်အထိ ကျောင်းသား ၁၁၅၅ ဦးအား လေ့လာခဲ့သည့် ၂၀၂၅ ခုနှစ် ကျောင်းအခြေပြု ဆယ်ကျော်သက်လူငယ် ကျန်းမာရေးသုတေသနစစ်တမ်းအရ –

- **၂၃ ဒသမ ၀ ရာခိုင်နှုန်း**မှာ ကိုယ်အလေးချိန်လျော့နည်းနေခြင်း၊
- **၃၁ ဒသမ ၀ ရာခိုင်နှုန်း**မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲနေခြင်း၊
- **၁၀ ဒသမ ၄ ရာခိုင်နှုန်း**မှာ အထီးကျန်ဆန်မှုကို ခံစားနေရခြင်းများ ရှိနေသည်။

အပြုသဘောဆောင်သော အချက်များအနေဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးအလေ့အထများ ကောင်းမွန်ကြပြီး (၉၀ ဒသမ ၉ ရာခိုင်နှုန်းမှာ သွားပုံမှန်တိုက်ကြသည်)၊ ကာကွယ်ဆေးနှင့် သန်ချဆေး တိုက်ကျွေးမှုများတွင်လည်း လွှမ်းခြုံမှု ကောင်းမွန်ကြောင်း (၉၉ ဒသမ ၀ ရာခိုင်နှုန်း သန်ချဆေးရရှိခဲ့ပြီး ၄၈ ဒသမ ၄ ရာခိုင်နှုန်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ရရှိခဲ့သည်) တွေ့ရှိရသည်။ သို့သော် ပညာရေးထိခိုက်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုများနှင့် ဝမ်းစာရှာဖွေရေးအခက်အခဲများကြောင့် လူငယ်များ (အထူးသဖြင့် အမျိုးသမီးငယ်များ)အနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်ကို အပြည့်အဝ ဖော်ထုတ်နိုင်ရန် စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဖြစ်သည်။

**နိုင်ငံတော်အစိုးရ၏ ပထမ ရက် ၁၀၀ အတွင်း လူငယ်ကဏ္ဍဆိုင်ရာ တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ**

၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင် မြွက်ကြားသော နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုချက်အဖြစ်







ထည့်သွင်းထားသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည့်အတွက် လူငယ်အင်အားများပြားသည့် နိုင်ငံဖြစ်သည်မှာ ရွှေရောင်အခွင့်အရေးတစ်ခုပင် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခွင့်အလမ်းကောင်းရှိနေသော်လည်း လူငယ်ထုအတွင်းတွင် ကျောင်းထွက်နှုန်း မြင့်မားနေသည့်အတွက် အဆင့်မြင့်ပညာရရှိမှု၊ သက်မွေးပညာရေးရရှိမှု၊ ဒီဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု စသည့် ပညာရေးဆိုင်ရာအားနည်းချက်များ ဖြစ်ပေါ်နေပါကြောင်း၊ ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိမှု အားနည်းခြင်း၊ ပုံမှန်လုပ်ခလစာမရရှိသည့် အလုပ် (Informal sectors)များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင် ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်အားနည်းခြင်း စသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းလောင်းကစား၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ၊ စိတ်ကျန်းမာရေးပြဿနာများ စသည့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများအပြင် နိုင်ငံတော် ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု (Civic Engagement) နည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည် မှန်သော်လည်း စနစ်တကျဆောင်ရွက်နိုင်မှု အားနည်းခြင်း စသည့်အမျိုးသားရေးစိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း မိမိတို့နိုင်ငံတွင် တွေ့ကြုံနေရသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် **“စွမ်းရည်ပြည့်ဝသော လူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သော အနာဂတ်”** (Empowered Youth, Strong Nation, Shared Future)ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ထားပြီး အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေး မူဝါဒမူဘောင်တစ်ခုရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က သတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာ၌ **“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်”**ဟု တိုက်တွန်းပြောကြားခဲ့ပြီး နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများနှင့်အညီ လူငယ်များဘက်ကလည်း ကြိုးစားအားထုတ်ကြရန် မီးမောင်းထိုးပြခဲ့သည်။

**ကျန်းမာရေး ဝန်ကြီးဌာန**အနေဖြင့်လည်း ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာရေးအတွက် Sexual, Reproductive, Maternal, Newborn, Child and Adolescent Health (SRMNCAH) မဟာဗျူဟာစီမံကိန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ သတင်းအချက်အလက်များနှင့် ဘဝတွက်တာ ကျွမ်းကျင်မှုပညာရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်လည်း အရင်းအမြစ်ကန့်သတ်ချက်များ၊ ကျေးလက်ဒေသများအထိ ရောက်ရှိမှုနည်းပါးခြင်းများနှင့် နည်းပြဆရာကန့်သတ်ချက် စသည့် စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားရန် လိုအပ်နေသေးကြောင်း တွေ့ရပါသည်။

လူငယ်များ ပါဝင်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများတွင် အကန့်အသတ်များ ရှိနေသော်လည်း မြန်မာလူငယ်များသည် လူမှုအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများ၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေး/ ပညာရေး စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်နေကြသည်။

လူငယ်များ၏ စွမ်းအားကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် –

- ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများပေးခြင်း၊
- လုပ်ငန်းခွင် အတွေ့အကြုံရှိသူများနှင့် ချိတ်ဆက်ပေးသည့် Mentorship အစီအစဉ်များ ဖန်တီးပေးခြင်း၊
- စီးပွားရေးလုပ်ငန်းသစ်များအတွက် ပံ့ပိုးပေးခြင်းနှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုများ လေ့ကျင့်ပေးခြင်း၊
- ကျေးလက်နေလူငယ်များ၊ မသန်စွမ်းလူငယ်များနှင့် အမျိုးသမီးငယ်များအတွက် အခွင့်အလမ်းများ အတူတူရရှိစေရန် ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်သည်။

**တိုက်တွန်းနှိုးဆော်ချက် (Call to Action )**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ **“နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား”** ဆိုသည့် ဆောင်ပုဒ်သည် အနာဂတ်အတွက် လမ်းပြမြေပုံတစ်ခုဖြစ်သည်။

- **အစိုးရဌာနများအနေဖြင့်** အရည်အသွေးမြင့် ပညာရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် လူငယ်ရေးရာ ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ပေးရန်၊
- **စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များအနေဖြင့်** အလုပ်သင်အစီအစဉ်များနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊
- **ကျန်းမာရေး၊ ပညာရေး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိသားစုများအနေဖြင့်** လူငယ်များ၏ အာဟာရ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ အီးစီးကရက် (Vape) မသုံးစွဲရေးနှင့် စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ပေးရန်၊
- **လူငယ်များကိုယ်တိုင်ကလည်း** မိမိတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပြီး ဒီဂျစ်တယ်နည်းပညာများကို အကျိုးရှိစွာအသုံးပြုကာ သမိုင်းပေးတာဝန်ကို တာဝန်သိစွာ ထမ်းဆောင်ကြရန် လိုအပ်ပါသည်။

ယနေ့ မြန်မာ့လူငယ်များပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း (References)**


1. United Nations Department of Economic and Social Affairs (UN DESA). International Youth Day 2026: “Different Contexts, Common Aspirations.” 2026.
2. United Nations Development Programme (UNDP). A Generation on Hold: Youth Employment and Education in Myanmar. 2 October 2025.
3. Department of Medical Research, Ministry of Health, Myanmar. School–based Adolescent Health Survey in Myanmar 2025, Fact Sheet. June 2026.
4. The Global New Light of Myanmar, “President U Min Aung Hlaing Reports on Government’s 100–Day Progress at Pyidaungsu Hluttaw,” 1 August 2026.
5. Ministry of Health, Myanmar. Sexual, Reproductive, Maternal, Newborn, Child and Adolescent Health (SRMNCAH) National Strategic Plan (2021–2025).


❖ **ကျေးလက်နေလူငယ်များ၊ မသန်စွမ်းလူငယ်များနှင့် အမျိုးသမီးငယ်များအတွက် အခွင့်အလမ်းများ အတူတူရရှိစေရန် ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်**

❖ **လူငယ်များကိုယ်တိုင်ကလည်း မိမိတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပြီး ဒီဂျစ်တယ်နည်းပညာများကို အကျိုးရှိစွာ အသုံးပြုကာ သမိုင်းပေးတာဝန်ကို တာဝန်သိစွာ ထမ်းဆောင်ကြရန် လိုအပ်**

❖ **ယနေ့ မြန်မာ့လူငယ်များပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၂

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ် ၁(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးသို့ ယနေ့ မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

**လက်မှတ်ရေးထိုး**

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကား ပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (ယာပုံ)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ (၉)ကြိမ်မြောက်နှင့် ၂၀၂၄ ခုနှစ် မတ်လတွင် (၁၀) ကြိမ်မြောက် လာအိုအမျိုးသား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခု ကွယ်လွန်ချိန်တွင် အသက် ၇၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။



**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်နေ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် “လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

ကမ္ဘာတစ်ဝန်းလုံးတွင်ရှိနေသည့် လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းများ၊ အရည်အသွေးများနှင့် အလားအလာကောင်းများကို အားပေးအသိအမှတ်ပြုပြီး လူငယ်များ၏ မတူကွဲပြားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်နေ့ ဒုတိယပိုင်းအစီအစဉ်ကို “လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MICC-1 ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကို အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များအပြားကို ပိုင်ဆိုင်ထားခြင်းသည် ဆုလာဘ်တစ်ခုအဖြစ် ဝမ်းမြောက်စွာတွေ့ရှိရကြောင်း၊ လူငယ်ဆိုသည်မှာ အသက်အရွယ် ငယ်ရွယ်နုပျိုမှုတစ်ခုကိုသာ ဆိုလိုသည်မဟုတ်ဘဲ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဲသည့် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံမှု၊ လောကကြီးကို ပိုမိုကောင်းမွန်အောင် ဆန်းသစ်သည့်အနေဖြင့် ပြောင်းလဲချင်သော စွန့်စားလိုသည့် စိတ်ဓာတ်၊ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လဖြင့် ကြိုးစားအားထုတ်မှုများစွာနှင့် အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြောင်း၊ ယခုခေတ် လူငယ်များသည် လက်ရှိပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမျိုးစုံကို ကြောက်ရွံ့မှု အလျှင်းမရှိ၊ စိန်ခေါ်မှု၊ အခက်အခဲများကို ဖန်တီးမှုအခွင့်အလမ်းအမြင်ဖြင့် ပြောင်းလဲရင်ဆိုင်ကျော်လွှားပြီး လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုများကို ဖော်ဆောင်နေသူများဖြစ်ကြောင်း၊ “စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သော အနာဂတ်” (Empowered Youth, Strong Nation, Share Future) အဖြစ် ပေါ်ထွန်းလာစေရန်အတွက် လူငယ်မောင်မယ်တို့၏ အိပ်မက်များ၊ မျှော်မှန်းချက်များ၊ ဆန်းသစ်သည့် အတွေးအခေါ်များ၊ စိန်ခေါ်မှုများကို ဖန်တီးမှုများနှင့် အခွင့်အရေးအမြင်အဖြစ် ရဲရဲဝံ့ဝံ့ ဆက်လက်အကောင်အထည်ဖော်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်၍ “လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရာ Naypyitaw State Academy မှ မောင်ထွဋ်မြတ်တင်ရွှေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ လူငယ်ငါးဦး ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၊ စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူများနှင့် လူငယ်ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ် ချီးမြှင့်ကြသည်။

လူငယ်စကားဝိုင်းသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အလွှာပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❏ ရှေ့မှ

နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများကိုလည်း ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

**အားပေးစကား ပြောကြား**

ထို့အပြင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ လောကချမ်းသာဘုရားကြီးကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက မြွေဆိုးအန္တရာယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှု၊ စားသုံးသူရေးရာဦးစီးဌာနကလည်း စားဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမှုကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းအပြင် အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုပေါက်၍ တာတမံနိမ့်ကျကာ ရေကျော်စီးဝင်သည့် ဝဂနံတာနေရာအား တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ မျောတုတ်တန်း၏ အပြင်ဘက်ခြမ်း ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်များ ဖြည့်သွင်း၍ ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများဖြင့် Pile ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်ရန် Geo-bags ချသည့် ရေယာဉ်များနှင့် သဲယာဉ်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်ငယ်များ၊ သဲစက်လှေတွဲများဖြင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်မှ အသက် (၁၂၁)နှစ်အဘွား ဒေါ်ပန်းနွယ်အား မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး ဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်

ကော့သောင်း ဩဂုတ် ၁၂

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် အသက်(၁၂၁)နှစ်ဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသူ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်မှ အဘွား ဒေါ်ပန်းနွယ်အား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါအဘွား၏ နေအိမ်သို့ သွားရောက် ဂါရဝပြုတွေ့ဆုံပြီး အလှူငွေကျပ် ၁၂ သိန်းနှင့် ဆန်၊ ဆီ၊ ကြက်ဥစသည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သည်။



ထို့ပြင် ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု သီရိမြိုင်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်၊ အေးရိပ်မြိမ်ရပ်ကွက်တို့မှ အသက်(၁၀၀) နှင့်အထက် သက်ကြီးဘိုးဘွား ခုနစ်ဦးအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံဂါရဝပြုပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ စသည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်လှူဒါန်းကာ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# (၃၂) ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

(၃၂) ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူ စာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် ကော်မတီဝင်များ၊ စာရေး ဆရာ ဆရာမကြီးများ၊ စာပေဆုရ ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အမှာစကား ပြောကြားရာတွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများပါဝင်သလို စာပေပညာရှင်များကို ချီးမြှောက်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါကြောင်း၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် သက်တမ်းရှည် ပုဂ္ဂလိကစာပေဆု တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေတစ်သက်တာဆု ရရှိကြသည့် ဦးဖေငြိမ်း (ကျော်စောဟန်)နှင့် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့ကို ဆုများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ပခုက္ကူစာပေဆု ဝတ္ထုရှည်၊ ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ်၊ ပခုက္ကူစာပေဆု သုတေသနစာပေ၊ ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ပခုက္ကူ ဦးအုံးဖေ ပညာသင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)နှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ ဆရာမောင်မိုးက ကျေးဇူးတင်စကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေတိုးတက်ရေးသည် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ဗဟုသုတရစေရန်နှင့် မြန်မာစာပေတိုးတက်ရေးအတွက် စာအုပ်စာပေများထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ အပါအဝင် စာပေနှင့် ပတ်သက်သည့် ချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ ဉာဏ်ပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ကို ကိုယ်ပိုင်အချိန်ပေးပြီး စာပေဆုစိစစ် ရွေးချယ်ရေးလုပ်ငန်းများအား အလေးထားပြီး ဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းတင့်၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**




**ဆုပေးအပ်ချီးမြှင့်**

ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း (၃၂)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာ ဆုရ ဆရာကြီး ဦးဖေငြိမ်း (ကျော်စောဟန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



## လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးဝါး၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**ပုသိမ် ဩဂုတ် ၁၂**

ရေဘေးသင့် ပြည်သူများအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ထူပါရုံဘုရား ရေရှောင်စခန်း၊ ချမ်းသာကြီးဘုရား ရေရှောင်စခန်း၊ ခမောက်စုအုပ်စု အသောကရာမကျောင်း ရေရှောင်စခန်း၊ ဖိုးသာညိုရိုးကျေးရွာနှင့် ကိုးနဝင်းကျောင်း ရေရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထိုသို့သွားရောက်စဉ် ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ဆေးဝါးများ၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ရေရှောင်စခန်းများတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားသည်။

ရေဘေး အန္တရာယ်ကြောင့် အခက်အခဲ ကြုံတွေ့နေရသည့် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေဘေးကာလအတွင်း စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၀ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၆ စင်တီမီတာအလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

---

◆ *ရှေ့ဖုံးမှ*

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- ❖ အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၅၀) သန်းအထိ
- ❖ အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၁၀၀) သန်းအထိ
- ❖ CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် (၅၀) သန်းအထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ(၃)ခု၊ ပြည်တွင်းပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီ (၆) ခုတို့မှ ဆောင်ရွက်ပေးမည်။)

**( ခ ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ❖ ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး (၃၀% )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ အတိုးနှုန်း– ၃%
- ❖ လှည့်ပတ်ငွေ (Working Capital) (၁၀၀%) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၁)နှစ် (၆)လ၊ အတိုးနှုန်း– ၄%
- ❖ CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း– ၅%
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ၅% အပြင် ချေးငွေအာမခံ (CGI) ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**( ဂ ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- ❖ မြေနှင့် အဆောက်အဦ၊
- ❖ စက်၊ ယာဉ်ယန္တရား၊
- ❖ ငွေစုလက်မှတ်၊
- ❖ အစိုးရငွေတိုက်စာချုပ်၊
- ❖ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- ❖ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ❖ ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ❖ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉) မြေ၊ (၃)(ခ) မြေ၊ လဃ (၃၀ )(က) (ခ) မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**( င ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အဦအမျိုးအစား**

- ❖ ကွန်ကရစ်တိုက် (RC) ၊ အုတ်ညှပ်အဆောက်အဦ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အဦ၊ Steel Structure၊ (၆)ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ကျပ် (၅၀) သန်းအထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**




## ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေး စခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်ရိက္ခာဖိုးနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်း မြစ်ရေများစီးဝင်ပြီး ၎င်းတို့နေအိမ်တွင် ဆက်လက်နေထိုင်ရန် မသင့်တော်တော့သည့် အိမ်ထောင်စုများအား ဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ အမှတ် (၁) ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေရာချထားပေးသော အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၃၈၅၅၀၀၀ နှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဘားအံမြို့ အမှတ်(၂) ရပ်ကွက်ရှိ လေသာကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၁၁၇၀၀၀၀ နှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။

## စဉ့်ကိုင်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**မန္တလေး ဩဂုတ် ၁၄**

မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များကြောင့် စဉ့်ကိုင်မြို့နယ်အတွင်း ဧရာဝတီ မြစ်ရေမြင့်တက်ခဲ့ပြီး ကျေးရွာအုပ်စု ရှစ်ခု၊ ကျေးရွာ ၂၄ ရွာတွင် မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဝင်ရောက်နေမှု၊ မြစ်ရေများ ကျေးရွာများအတွင်းဖြတ်၍ အင်းအတွင်း စီးဆင်းနေမှု၊ အခြေခံပညာကျောင်းများ ယာယီပိတ်ထားရမှုတို့ကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု၊ ဆယ့်နှစ်ကိုင်းကျေးရွာ၊ ပလိပ်ကျေးရွာအုပ်စု အင်းလျား(န)ကျေးရွာ တံတားဦးလေး+သာယာကျွန်း ကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပလိပ်ကျေးရွာအုပ်စုရှိ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရားဓမ္မာရုံ၌ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာရေးဆိုင်ရာအသိပေးချက်များကို အထူးဂရုပြုလိုက်နာနေထိုင်ကြရန်၊ ရေဝင်နစ်မြုပ်ထိခိုက်ခဲ့သည့် စိုက်ပျိုးမြေများတွင် စနစ်တကျ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်း၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက နေရပ်အသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေး၊ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။ **(အောက်ပုံ)**

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၁၄၈၇ အိမ်၊ အိမ်ထောင်စု ၁၆၀၉ စုမှ လူဦးရေ ၅၈၀၅ ဦး ရေဘေးသင့်ခဲ့ပြီး မိုးစပါး ၂၈၆ ဧက၊ နေကြာ ၅၇ ဧက၊ ပဲမြစ် ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၉၁ ဧက၊ အခြားပဲ ၇၄ ဧက၊ ငှက်ပျော ၁၀ ဧက၊ ဖူးစားပြောင်း ခုနစ်ဧက စုစုပေါင်း ၆၉၈ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ငါးကျောင်းတို့ ယာယီပိတ်ထားခဲ့ကြောင်း၊ ရေဝင်ရောက်ရာဒေသများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**မုံရွာ ဩဂုတ် ၁၄**

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် စစ်ကိုင်းမြို့ကမ်းနားရှိ အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ခဲ့ရပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက် သစ်ကနက်ဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိအဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေး အထူးဂရုပြု နေထိုင်ကြရန် မှာကြားပြီး ရေဘေးရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင် ဘုရားဝင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးရှောင်စခန်း၊ ပန်းပဲတန်းရပ်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်း၊ နန္ဒဝန်ရပ်ကွက် အောင်ချမ်းသာဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းနှင့် မြေဝတီရပ်ကွက် ရေဘေးရှောင်စခန်းများရှိဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင်အဆိုပါယာယီရေဘေးရှောင်စခန်းများ၌ ခရိုင်/မြို့နယ် ကုသရေးဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းမြို့ ဧရာဝတီမြစ်ရေထိန်းတာပေါင်များ ကြံ့ခိုင်မှုနှင့် ဧရာဝတီမြစ်ရေရောက်ရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်းပေါ်ရှိ အလျား ၅၅ ပေ၊ အမြင့်ကိုးပေ ရေထိန်းနံရံပြိုကျပျက်စီးမှုကို ယာယီသဲအိတ်များဖြင့် ကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ် ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# “မသန်စွမ်း”ဟုသာ သုံးနှုန်းပါ

ဆက်လက်ဝဲ (MDevS)

ဤဆောင်းပါးသည် ဝေါဟာရစစ်ပွဲတစ်ခု မဟုတ်ပါ။ စကားလုံးများ နောက်ကွယ်မှ ပစ်ပယ်ခံထားရသော နှလုံးသားများ၊ ရိုက်ချိုးခံထားရသော အိပ်မက်များနှင့် လူသားတစ်ဦး၏ မွေးရာပါ ဂုဏ်သိက္ခာကို ပြန်လည်တောင်းဆိုခြင်းသာ ဖြစ်ပါသည်။

## စကားလုံးတစ်လုံး၏ သတ်ဖြတ်နိုင်စွမ်း

ဓားတစ်လက်က လူတစ်ဦး၏ အသားအရေကိုသာ သွေးထွက်သံယို ဖြစ်စေနိုင်သော်လည်း စကားလုံးတစ်လုံးက လူတစ်ဦး၏ ဝိညာဉ်၊ ရှင်သန်လိုစိတ်နှင့် အနာဂတ်အိပ်မက်များကို အစအနမကျန် အမှောင်ချပစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် နေ့စဉ်ဘဝတွင် မရည်ရွယ်ပါဘဲ အလွယ်တကူသုံးနှုန်းလိုက်သည့် စကားလုံးတစ်ခုချင်းစီ၏ နောက်ကွယ်၌ တစ်ဖက်သားကို မြှင့်တင်ပေးနိုင်သည့် အသက် သို့မဟုတ် အရှင်လတ်လတ် သတ်ပစ်နိုင်သည့် အဆိပ်အတောက်များ ကိန်းအောင်းနေတတ်ပါသည်။

> ❝ ဓားတစ်လက်က လူတစ်ဦး၏ အသားအရေကိုသာ သွေးထွက်သံယိုဖြစ်စေနိုင်သော်လည်း စကားလုံးတစ်လုံးက လူတစ်ဦး၏ ဝိညာဉ်၊ ရှင်သန်လိုစိတ်နှင့် အနာဂတ် အိပ်မက်များကို အစအနမကျန် အမှောင်ချပစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် နေ့စဉ်ဘဝတွင် မရည်ရွယ်ပါဘဲ အလွယ်တကူသုံးနှုန်းလိုက်သည့် စကားလုံးတစ်ခုချင်းစီ၏ နောက်ကွယ်၌ တစ်ဖက်သားကို မြှင့်တင်ပေးနိုင်သည့် အသက် သို့မဟုတ် အရှင် လတ်လတ် သတ်ပစ်နိုင်သည့် အဆိပ်အတောက်များ ကိန်းအောင်းနေတတ် ❞

မြန်မာလူ့အဖွဲ့အစည်းတွင် ရှေးယခင်ကတည်းက ကပ်ပါလာခဲ့သည့် “**မသန်မစွမ်း**”ဟူသော စကားလုံးသည် ချို့ယွင်းချက်ရှိသူတစ်ဦးကို “**ခန္ဓာကိုယ်လည်း မကောင်း၊ ဘာမျှလည်း မစွမ်းဆောင်နိုင်တော့သူ**”ဟု လူမှုရေးသေဒဏ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်မူ ခေတ်သစ်လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အလေးထားသည့် “**မသန်စွမ်း**”ဟူသော ဝေါဟာရသည် “**ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ မသန်သော်လည်း ကျန်ရှိသည့် စွမ်းရည်များဖြင့် လောကကြီးကို အကျိုးပြုနိုင်သူ**”ဟု ရှင်သန်ခြင်းသက်စောင့်ရေကို လောင်းပေးခြင်း ဖြစ်ပါသည်။

## စာနာမှု ရှုထောင့်

မသန်စွမ်းသူတစ်ဦးကို မြင်လိုက်ရလျှင် သာမန်အားဖြင့် ပထမဆုံးတုံ့ပြန်မှုမှာ “**သနားစရာပဲ**”ဟူသော ညည်းတွားသံဖြစ်သည်။ ထိုသနားခြင်းသည် စေတနာအရင်းခံသည်ဟု ထင်ရသော်လည်း ယင်းနောက်ကွယ်တွင် ကြီးမားသော အနုတ်လက္ခဏာဆောင်သည့်အမြင်များ ကပ်ပါလာတတ်ပါသည်။ ၎င်းတို့ကို “**မသန်မစွမ်း**”ဟု တံဆိပ်ကပ်လိုက်ခြင်းသည် ထိုသူ၏ ရှင်သန်လိုစိတ်ကို အရှင်လတ်လတ် သတ်ပစ်လိုက်ခြင်းနှင့် တူပါသည်။

မျက်စိမမြင်ရသော ကလေးငယ်တစ်ဦးသည် စာအုပ်များကို ထိတွေ့ပြီး ကမ္ဘာကြီးကို လေ့လာချင်ရှာပါမည်။ သို့သော် ပတ်ဝန်းကျင်က “သူက မသန်မစွမ်းလေးပါ၊ ဘာမှလုပ်လို့ရမှာ မဟုတ်ပါဘူး”ဟု ကရုဏာအမှားဖြင့် ဆုံးဖြတ်လိုက်သောအခါ ထိုကလေးငယ်၏ ကမ္ဘာသည် လုံးဝမှောင်အတိကျသွားရရှာတော့သည်။ ဘီးတပ်ကုလားထိုင်စီးရသော လူငယ်တစ်ဦးသည် ရုံးခန်းတစ်ခုတွင် ကွန်ပျူတာဖြင့် အလုပ်လုပ်နိုင်စွမ်းရှိသော်လည်း “**မသန်မစွမ်းတွေကို ငါတို့ အလုပ်မပေးနိုင်ဘူး**”ဟူသော စကားတစ်ခွန်းကြောင့် ၎င်း၏တန်ဖိုးသည် သုညဖြစ်သွားရရှာပါသည်။

ထို့ကြောင့် သနားခြင်းသည် ကူညီရာမရောက်ဘဲ လူညွှန့်တုံးစေသည့် လက်နက်တစ်ခု ဖြစ်သွားတတ်ပါသည်။ ၎င်းတို့ လိုအပ်သည်မှာ သနားကရုဏာ မဟုတ်ဘဲ အခွင့်အရေးနှင့် အသိအမှတ်ပြုမှုသာ ဖြစ်ပါသည်။ “**မသန်စွမ်း**”ဟု သုံးနှုန်းခြင်းသည် “**သူ၏ ခန္ဓာကိုယ်သည် ပုံမှန်အတိုင်း မသန်သော်လည်း၊ သူ၏စိတ်ဓာတ်၊ သူ၏အသိဉာဏ်နှင့် သူ၏ဘဝသည် လောကကြီးကို အကျိုးပြုရန် စွမ်းဆောင်နိုင်ဆဲဖြစ်သည်**”ဟူသော မျှော်လင့်ချက်မီးအိမ်ကို ထွန်းညှိပေးခြင်းပင်ဖြစ်ပါသည်။

ခန္ဓာကိုယ်တွင် အစိတ်အပိုင်းအချို့ ချို့ယွင်းနေခြင်းသည် “**မသန်**”ခြင်းသာဖြစ်သည်။ ၎င်းတို့တွင် လောကကြီးကို အကျိုးပြုနိုင်သည့် အသိဉာဏ်၊ စွမ်းရည်နှင့် ကိုယ်ကျင့်တရားများ “**စွမ်း**”နိုင်သေးသည်ဟု မြင်သင့်ပါသည်။ ၎င်းတို့ကို “**မသန်မစွမ်း**”ဟု သတ်မှတ်မည်ဆိုပါက ကံတရားကို အကြောင်းပြကာ လူသားတစ်ဦး၏ လက်ရှိကြိုးစားအားထုတ်မှု (ဝီရိယကံ)နှင့် စွမ်းဆောင်ရည်ကို ပိတ်ပင်ရာ ရောက်နိုင်ပါသည်။

ဘာသာရေး၏ အနှစ်သာရဖြစ်သော ကရုဏာတရားသည် သနားစော်ကားခြင်းမဟုတ်ဘဲ တစ်ဖက်သား၏ တန်ဖိုးကို မြှင့်တင်ပေးခြင်းဖြစ်ရပါမည်။ ထို့ကြောင့် ၎င်းတို့တွင်ရှိသော စွမ်းရည်များကို အသိအမှတ်ပြုသည့်အနေဖြင့် “**မသန်သော်လည်း စွမ်းသည်**”ဟူသော အဓိပ္ပာယ်ဆောင်သည့် “**မသန်စွမ်း**”ဟူသော စကားလုံးကသာ ဘာသာရေး၏ မေတ္တာ၊ ကရုဏာတရားနှင့် ကိုက်ညီမှုရှိ၍ အလေးအနက်ထား သုံးစွဲသင့်ပါသည်။

## လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးတန်းတူညီမျှမှု

လူ့အခွင့်အရေးရှုထောင့်အရ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRPD)ကို အတည်ပြုပြဋ္ဌာန်းထားပါသည်။ ဤစာချုပ်၏ အခြေခံမူမှာ “**လူသားအားလုံးသည် မွေးရာပါ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူညီမျှရှိသည်**”ဟူသောအချက် ဖြစ်ပါသည်။

“**မသန်မစွမ်း**”ဟူသော စကားလုံးသည် လူတစ်ဦးကို စာနာမှုခံယူရမည့် “**ပရဟိတအရာဝတ္ထု (Charity Object)**”အဖြစ်သာ မြင်စေပြီး လူ့အဖွဲ့အစည်း၏ ဝန်ထုပ်ဝန်ပိုးအဖြစ် သတ်မှတ်ရာရောက်ပါသည်။ အသုံးအနှုန်းကြောင့် ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုကို ဦးတည်သွားနိုင်ပါသည်။ အခြားတစ်ဖက်တွင်မူ “**မသန်စွမ်း**”ဟူသော အသုံးအနှုန်းသည် “**လူကို ရှေ့တန်းတင်သည့် ဘာသာစကား (Person–First Language)**” ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ပထမဦးစွာ “**လူသား**”ဖြစ်ပြီး ထို့နောက်မှ အခြေအနေတစ်ခုကြောင့် မသန်စွမ်းမှုရှိနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင်လည်း “**မသန်မစွမ်း**”ဟူသော စကားလုံးကို လုံးဝသုံးစွဲခြင်းမပြုဘဲ “**မသန်စွမ်း**”ဟုသာ အသုံးပြုထားပါသည်။ မသန်စွမ်းသူတို့သည် လူသားဖြစ်၍ လူသားတစ်ဦး၏အခွင့်အရေးကို အသိအမှတ်ပြုကာ အသုံးပြုမြှင့်တင်ပေးခြင်းဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)ပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကတစ်ဆင့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေးတွင် “မသန်စွမ်းဟူသည့် အသုံးအနှုန်းကို အလေးထားသုံးစွဲစေရေး ညှိနှိုင်းအကြောင်းကြားရန်နှင့် ကဏ္ဍအလိုက်အသိပေးရန်”ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင်ဌာနများအား အကောင်အထည်ဖော်စေလျက်ရှိပါသည်။**

မသန်စွမ်းသူများကို “**မသန်မစွမ်း**”ဟု တံဆိပ်ကပ်ပြီး ဘာမျှမလုပ်နိုင်သူများ၊ ပရဟိတအကူအညီဖြင့်သာ ရှင်သန်ရမည့်သူများဟု ထင်မြင်ယူဆချက်များကို ဖယ်ရှားပေးနိုင်သည့် သက်သေပြစရာ လူပုဂ္ဂိုလ်များစွာရှိပါသည်။ ထိုပုဂ္ဂိုလ်များတွင် ထိပ်တန်းနိုင်ငံ့ဝန်ထမ်းကောင်းကြီးများနှင့် အရာရှိကြီးများ ပါဝင်ပါသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင်သာမက ပြိုင်ဆိုင်မှုပြင်းထန်ပြီး အမြဲတမ်း လှုပ်ရှားရုန်းကန်နေရသည့် ပုဂ္ဂလိကစီးပွားရေးလောကတွင်လည်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အကန့်အသတ်များကို အသိဉာဏ်၊ ဝီရိယတို့ဖြင့် ကျော်လွှားကာ ကုမ္ပဏီကြီးများကို ထိပ်တန်းမှ ဦးဆောင်မောင်းနှင်ခဲ့ကြသည့် မသန်စွမ်းခေါင်းဆောင်များလည်းရှိပါသည်။ ထို့ပြင် အခြေခံလူတန်းစားကဏ္ဍများတွင်လည်း မိမိတို့၏ ပါရမီကို အသုံးချကာ ကိုယ်တိုင်ရပ်တည်ရုံမျှမက အခြားသူများကိုပါ ကူညီနေသည့် စံနမူနာပြ မသန်စွမ်းသူများစွာရှိပါသည်။

## နှိုင်းယှဉ်ချက်ဇယား

“**မသန်မစွမ်း**”နှင့် “**မသန်စွမ်း**” စကားလုံးနှစ်လုံး၏ အကျိုးသက်ရောက်မှုကို အောက်ဖော်ပြပါဇယားဖြင့် နှိုင်းယှဉ်ဖော်ပြလိုပါသည်–

| အကြောင်းအရာ | မသန်မစွမ်း(Disabled /Handicapped) | မသန်စွမ်း (Persons with Disabilities) |
|---|---|---|
| **အဓိပ္ပာယ်သက်ရောက်မှု** | ခန္ဓာကိုယ်လည်း မကောင်း၊ ဘာမျှလည်း မလုပ်နိုင်။ | ခန္ဓာကိုယ်မသန်သော်လည်း စွမ်းဆောင်ရည်ရှိသည်။ |
| **လူမှုရေးအမြင်** | သနားစရာ၊ မှီခိုသူ၊ လူမှုရေး ဝန်ထုပ်ဝန်ပိုး။ | ဂုဏ်သိက္ခာရှိသူ၊ တန်းတူအခွင့်အရေး ရထိုက်သူ။ |
| **စိတ်ပညာဆိုင်ရာသက်ရောက်မှု** | စိတ်ဓာတ်ကျဆင်းခြင်း၊ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပျောက်ဆုံးခြင်း။ | စိတ်ဓာတ်ခွန်အားရရှိခြင်း၊ |
| **လူ့အဖွဲ့အစည်းကို အကျိုးပြုလိုခြင်း။** | အသုံးမပြုဘဲ ရှောင်ကြဉ်ရမည့် စကားလုံးဟောင်း။ | မြန်မာနိုင်ငံမသန်စွမ်းသူများအခွင့်အရေးဥပဒေ(၂၀၁၅)ပါအသုံးအနှုန်း။ |

## လူ့အဖွဲ့အစည်းသို့ သတင်းစကား

ကျွန်ုပ်တို့သည် အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်း (Inclusive Society)တစ်ခုကို တည်ဆောက်လိုကြပါသည်။ ထို့ကြောင့် အားလုံးပါဝင်မှုကို ထိခိုက်စေနိုင်သည့် နေ့စဉ်သုံးစကားလုံးများ၊ မြင်ရန်ခက်ခဲသော ခွဲခြားဆက်ဆံမှုများကို သတိထားကာ ဖယ်ရှားကြပါမည်။ “မသန်စွမ်း”ဟု သုံးနှုန်းခြင်းသည် မသန်စွမ်းသူတို့၏ နာကျင်မှုကို စာနာနားလည်ပြီး မိမိ၏အပြုအမူနှင့် အပြောအဆိုကို ပြုပြင်ခြင်းပင်ဖြစ်ပါသည်။

လူမှုကွန်ရက်စာမျက်နှာများ၊ ရုပ်မြင်သံကြားအစီအစဉ်များနှင့် သတင်းမီဒီယာများတွင် “**မသန်မစွမ်း**”ဟူသော စကားလုံးကို သတိမဲ့စွာ ဆက်လက်သုံးစွဲမိပါက အနာဂတ်မျိုးဆက်သစ်များနှင့် လူ့အသိုင်းအဝိုင်းသို့ မသင့်တော်သော အသုံးအနှုန်းများကို လက်ဆင့်ကမ်းသလို ဖြစ်နိုင်ပါသည်။ မိဘများသည် မိမိတို့၏ သားသမီးများကို “**မသန်စွမ်း**”သူများအား လှောင်ပြောင်ခြင်းမပြုရန်၊ ၎င်းတို့သည် မိမိတို့ကဲ့သို့ တန်းတူရည်တူ အခွင့်အရေးရှိသူများဖြစ်ကြောင်း ငယ်စဉ်ကပင် သွန်သင်ပေးသင့်ပါသည်။

လုပ်ငန်းခွင်များ၌လည်း မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုမရှိဘဲ အလုပ်အကိုင်ခန့်အပ်ရန်နှင့် သင့်လျော်သော အသုံးအနှုန်းများ သုံးစွဲရန်လည်း တိုက်တွန်းလိုပါသည်။ **မသန်စွမ်းသူများ အခွင့်အရေးဥပဒေ(၂၀၁၅)တွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ခန့်ထားရန် ပြဋ္ဌာန်းထားပြီးဖြစ်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ဝေပုံကျနှုန်းထားကို သတ်မှတ်ပေးနိုင်ရေး သက်ဆိုင်သူများနှင့် ဆက်လက်ဆွေးနွေး ညှိနှိုင်းလျက်ရှိပါသည်။**

## အနာဂတ်အတွက် ပန်းတိုင်တစ်ခု

ခြုံငုံသုံးသပ်ရသော် “**မသန်မစွမ်း**”ဟူသော စကားလုံးသည် လူတစ်ဦးအား စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအရ အဆင့်အတန်းခွဲခြားနှိမ့်ချရာ ရောက်ရုံမျှမက ၎င်းတို့၏ ရှင်သန်မှု၊ မျှော်လင့်ချက်နှင့် ကြိုးစားလိုစိတ်ကိုပါ ရိုက်ချိုးရာရောက်ပါသည်။ စကားလုံးတစ်လုံးကို ပြောင်းလဲလိုက်ရုံဖြင့် လောကကြီးတစ်ခုလုံး ချက်ချင်းပြောင်းလဲမသွားနိုင်သော်လည်း ထိုပြောင်းလဲမှုသည် မသန်စွမ်းသူများအတွက် ၎င်းတို့၏ ဘဝကို အသစ်တစ်ဖန် ပြန်လည်စတင်နိုင်ရန် ကြီးမားသော ခွန်အားတစ်ခု ဖြစ်စေပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းကို ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခုအဖြစ် တည်ဆောက်လိုလျှင် စကားလုံးအသုံးအနှုန်းမှစတင်၍ ပြုပြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စာပေ၊ ရုပ်ရှင်၊ သဘင် အနုပညာနယ်ပယ်များ၊ မီဒီယာများနှင့် နေ့စဉ်လူမှုဘဝပြောဆိုဆက်ဆံမှုများတွင် “**မသန်မစွမ်း**”ဟူသော စကားလုံးကို အပြီးတိုင် စွန့်ပယ်ကြရန် တိုက်တွန်းပါသည်။ လူ့ဂုဏ်သိက္ခာနှင့် စွမ်းရည်ကို တန်ဖိုးထားသည့် “**မသန်စွမ်း**”ဟူသော ဝေါဟာရကို ပြောင်းလဲ၍ သုံးနှုန်းကြပါရန် စာနာမှုအပြည့်ဖြင့် နှိုးဆော်လိုပါသည်။ မသန်စွမ်းသူတို့၏ ချို့ယွင်းချက်ကို မကြည့်ပါနှင့်၊ သူတို့၏ နှလုံးသားနှင့် စွမ်းရည်ကိုသာ ကြည့်ရှုအသိအမှတ်ပြုပေးကြပါ။

**ကိုးကား**

မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅)။ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်။

United Nations. (2006). Convention on the Rights of Persons with Disabilities (CRPD). Preamble and Article 1.

## အေအိုင်နှင့် ကျွန်တော် (၁၃)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ်အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကိုမေးမိသည့် မေးခွန်းနှင့်ပတ်သက်၍ အဖြေအရ ကောင်းမွန်သော အမူအကျင့်များ ရရှိအောင် မိမိတို့က စံပြလုပ်ပြပြီး မိမိတို့ကလေးများအား ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်သည်ကို ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း။** တန်းစီခြင်းအလေ့အထ၊ စည်းကမ်းကို လိုက်နာတတ်ခြင်း၊ ကိုယ်က အခွင့်အရေးပိုယူလိုက်ရင် သူတစ်ပါးနစ်နာသွားမယ်ဆိုတဲ့အသိစိတ်နဲ့ ငဲ့ညှာတတ်ခြင်း စတဲ့ ကောင်းမွန်တဲ့ လူ့ကျင့်ဝတ်တွေကို ဘယ်အရွယ်ကတည်းက၊ ဘယ်မှာ၊ ဘယ်လို သင်ယူလေ့ကျင့်ပေးသင့်သလဲ။ နိုင်ငံတကာမှာရော ဘယ်လိုလဲ။

**အဖြေ။** တန်းစီခြင်းအလေ့အထ၊ စည်းကမ်းလိုက်နာမှု၊ သည်းခံငဲ့ညှာစိတ်နှင့် အခွင့်အရေး ပိုမယူတတ်သည့် လူ့ကျင့်ဝတ် (Ethical & Social Norms) များကို လေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်။

**ဘယ်အရွယ်မှာ စတင်သင်ယူသင့်သလဲ။**

- **အသက် (၂) နှစ်မှ (၅) နှစ်အထိ (မူကြိုအရွယ်)** – ဤအရွယ်သည် အတ္တဗဟိုပြု (Egocentric) စိတ်ဓာတ်ရှိသောအရွယ်ဖြစ်သော်လည်း မျှဝေသုံးစွဲခြင်း (Sharing)၊ အလှည့်ကျ စောင့်ဆိုင်းခြင်း (Taking Turns) စသည့် အခြေခံအလေ့အကျင့်များကို စတင်မိတ်ဆက်ပေးရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။
- **အသက် (၆) နှစ်မှ (၁၂) နှစ်အထိ (မူလတန်း/အလယ်တန်းအရွယ်)** – သူတစ်ပါးနေရာတွင် ဝင်စာနာပေးနိုင်သည့်စိတ် (Empathy) နှင့် မျှတမှု (Fairness) ကို နားလည်လာသည့်အရွယ်ဖြစ်ရာ စည်းကမ်းများကို လက်တွေ့ဘဝတွင် အလေ့အထဖြစ်အောင် အခိုင်အမာ စနစ်တကျ ပြုစုပျိုးထောင်ပေးရမည့်အရွယ်ဖြစ်ပါသည်။

**ဘယ်နေရာတွေမှာ သင်ယူ/ပျိုးထောင်ပေးသင့်သလဲ**

**၁။ မိသားစုနှင့် အိမ်တွင်းပတ်ဝန်းကျင် (ပထမဆုံး ကျောင်းတော်)**

- မိဘများ၏ လက်တွေ့ပြုမူပုံကို ကလေးများက ကြည့်ရှုအတုယူကြပါသည်။
- အိမ်တွင် အစားအသောက်ဝေမျှစားသောက်ခြင်း၊ မုန့်စားလျှင်တန်းစီယူခြင်း၊ အလှည့်ကျ စောင့်ဆိုင်းခြင်း စသည့်အလေ့အကျင့်အသေးလေးများမှ စတင်ပါသည်။

**၂။ ကျောင်းပတ်ဝန်းကျင် (စနစ်တကျ လေ့ကျင့်ပေးရာနေရာ)**

- ကစားကွင်း၊ မုန့်ဈေးတန်း၊ စားသောက်ဆိုင်နှင့် စာသင်ခန်းအတွင်း တန်းစီသည့်စနစ်များကို လက်တွေ့ကျင့်သုံးစေပါသည်။
- တစ်ကိုယ်ကောင်းဆန်စွာ အခွင့်အရေးယူခြင်း၏ နောက်ဆက်တွဲရလဒ်များနှင့် အများအကျိုးကို မည်သို့ထိခိုက်စေကြောင်း သင်ခန်းစာများမှတစ်ဆင့် ဆွေးနွေးသင်ကြားပေးပါသည်။

**၃။ လူမှုအသိုင်းအဝိုင်းနှင့် အများပိုင်နေရာများ**

- ဘတ်စ်ကားစီးခြင်း၊ ကစားကွင်းသွားခြင်း၊ စတိုးဆိုင်များတွင် ငွေရှင်းခြင်း စသည့် နေ့စဉ်ဘဝ အခြေအနေများတွင် မိဘနှင့်လူကြီးများက စံပြအဖြစ် ပြသပေးရပါသည်။

**ဘယ်လို နည်းလမ်းတွေနဲ့ လေ့ကျင့်ပေးသင့်သလဲ**

- **စံပြဖြစ်အောင် ပြုမူခြင်း (Role Modeling)။** လူကြီးများ၊ မိဘများနှင့် ဆရာ/ မများက စည်းကမ်းကို ကိုယ်တိုင်တိကျစွာ လိုက်နာပြရပါမည်။
- **ကစားနည်းများမှတစ်ဆင့် သင်ယူစေခြင်း (Play–based Learning)။** အလှည့်ကျ ဆော့ကစားရသော ကစားနည်းများ (Board games၊ ကစားကွင်းသုံးပစ္စည်းများ) မှတစ်ဆင့် တန်းစီခြင်းနှင့် စောင့်ဆိုင်းခြင်းကို မသိမသာ လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။
- **စာနာစိတ် (Empathy) နိုးကြားအောင် မေးခွန်းထုတ်ဆွေးနွေးခြင်း။** "သမီး/ သားသာ စောင့်နေရရင် ဘယ်လိုခံစားရမလဲ"၊ "တန်းကျော်လိုက်ရင် နောက်ကလူတွေ ဘာဖြစ်သွားမလဲ" စသည့် မေးခွန်းများမေး၍ သူတစ်ပါးခံစားချက်ကို ငဲ့ညှာတတ်အောင် လမ်းညွှန်ပေးခြင်း ဖြစ်ပါသည်။
- **အပြုသဘောဆောင်သော အသိအမှတ်ပြုမှု (Positive Reinforcement)။** စည်းကမ်းလိုက်နာသည့်အခါ၊ သည်းခံစောင့်ဆိုင်းသည့်အခါတွင် ချီးမွမ်းပေးခြင်းဖြင့် ထိုအလေ့အထကို ပိုမိုခိုင်မာစေပါသည်။

**နိုင်ငံတကာမှာရော ဘယ်လို ကျင့်သုံးကြသလဲ**

- **ဂျပန်နိုင်ငံ (Japan)။** မူလတန်းအဆင့်တွင် စာမေးပွဲရလဒ်ထက် **"Doutoku" (Moral Education – လူ့ကျင့်ဝတ် သင်ကြားရေး)** ကို အဓိကထားသင်ကြားပါသည်။ စာသင်ခန်းသန့်ရှင်းရေးလုပ်ခြင်း၊ ကျောင်းမုန့်ဟင်းခါး/ အာဟာရကို အလှည့်ကျ ဝေငှပေးခြင်း၊ အများသုံးနေရာများတွင် တန်းစီခြင်းတို့ကို ကလေးဘဝကတည်းက အလေ့အထတစ်ခုအဖြစ် စနစ်တကျ လေ့ကျင့်ပေးပါသည်။
- **ဖင်လန်နိုင်ငံ (Finland)။** ကျောင်းများတွင် ကိုယ်ချင်းစာစိတ်နှင့်မျှတမှုကို အလေးထားပါသည်။ "ကစားကွင်းတွင် လူတိုင်းစောင့်ဆိုင်းရမည်"၊ "အများပိုင်ပစ္စည်းကို မျှဝေသုံးစွဲရမည်" စသည့် စည်းကမ်းများကို ကလေးများကိုယ်တိုင် ပါဝင်ဆွေးနွေးသတ်မှတ်စေခြင်းဖြင့် တာဝန်ယူလိုစိတ်ကို ပျိုးထောင်ပေးပါသည်။
- **စင်ကာပူနိုင်ငံ (Singapore)။** **Character and Citizenship Education (CCE)** စနစ်မှတစ်ဆင့် ပြည်သူ့နီတိနှင့် တန်းစီခြင်း၊ အများဆုံစည်းရာနေရာများတွင် စည်းကမ်းလိုက်နာခြင်းတို့၏ အရေးပါမှုကို ငယ်စဉ်ကတည်းက စနစ်တကျ ပညာပေးလေ့ကျင့်ပေးပါသည်။



## မန္တလေးတိုင်းဒေသကြီးအတွင်း သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည်နှင့် ပျော်ဘွယ်မြို့တို့တွင် ရထားလမ်း ခုံးကျော်တံတားများ တည်ဆောက်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားလမ်းခုံးကျော်တံတား (သာစည်)သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ ပြည်ထောင်စုလမ်းမကြီး (AH2) မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၁၃/၀–၁)ကြား တွင်တည်ရှိ၍ ရန်ကုန် – မန္တလေး ရထားလမ်း (ပျော်ဘွယ်–သဲတော) အပိုင်း သာစည်ဘူတာရုံ မရောက်မီ ပေ ၁၃၀၀ အကွာနှင့် မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် ကားလမ်းဆုံသည့် နေရာတွင် တည်ဆောက်ရန် လျာထားကြောင်းနှင့် ရထားလမ်းခုံးကျော်တံတား(ပျော်ဘွယ်) သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့လယ်တွင်တည်ရှိပြီး ပြည်ထောင်စုလမ်းမကြီး(AH1) ရန်ကုန်–တောင်ငူ–မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၈၅/၇–၂၈၆/၀) အကြားတွင် တည်ဆောက်ရန်လျာထား ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ ရထားလမ်းခုံးကျော်တံတားများ တည်ဆောက်မည့်နေရာတွင် ပဏာမတိုင်းတာလေ့လာမှုဆောင်ရွက်နေခြင်းကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

အလားတူ ကျောက်ဆည်တက္ကသိုလ် သံကူကွန်ကရစ်နှစ်ထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ရှင်းလင်းဆောင်၌ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက Myanmar National Building Code 2025 (MNBC) ကို ထုတ်ပြန်ထားပြီးဖြစ်၍ သတ်မှတ်ချက်များအတိုင်း လိုက်နာတည်ဆောက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များကလည်း အဆင့်လိုက် စစ်ဆေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် စစ်ဆေးရန်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစွာ အသုံးပြုတည်ဆောက်ရန်နှင့် လုပ်ငန်းစီမံချက်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး အဆောက်အအုံ တည်ဆောက်နေမှုနှင့် Recreation Center အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဖလမ်း ဩဂုတ် ၁၂**

ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ယာယီပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား အာဟာရဖြည့်စွက်စာများနှင့် ဆေးရုံအတွက် လိုအပ်သောဆေးဝါးများကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဖလမ်းမြို့တော်ခန်းမနှင့် ဆေးရုံ၌ ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

ထို့ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် မြို့နယ်ဆည်မြောင်းဦးစီးဌာနအတွင်းရှိ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုကို လည်းကောင်း၊ ပြန်လည်ပြုပြင်နေသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များကို လည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့ရသည့် သင်ထောက်ကူပစ္စည်းများနှင့် စက်ကိရိယာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ၊ RC တစ်ထပ် ပြုပြင်ပြီးစီးမှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းလယ်ပန်းခြံနှင့် မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ဝန်ထမ်းအိမ်ရာပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင် ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ မြို့နယ် မီးသတ်ဦးစီးဌာန ရေကန်ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူငယ်ဆိုတာ အနာဂတ်ရဲ့ အရင်းအမြစ်တွေဖြစ်တာမို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်

မလွန်းငမ်းညောင် (ချင်းပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)

**“နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား” ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC–I) ၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူ၊ ပြခန်းတာဝန်ခံ၊ ထူးချွန်ဆုရရှိသူ၊ လူငယ်ကိုယ်စားလှယ်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်–**



မသော်တာဦး



မောင်သူရဟိန်းထက်



မလွန်းငမ်းညောင်



မမြမ္ဘူလှိုင်



မနီလာဝင်း



ဒေါ်သူဇာဝင်း



ဦးကျော်မင်းခိုင်



ဦးရဲရင့်

**မသော်တာဦး(ထူးချွန်ဆုရရှိသူ)**

ကျွန်မက ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ (၂၇) ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်မှာ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့တဲ့အတွက်ကြောင့် အခုလို လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားမှာ ဖိတ်ကြားလို့ ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ပထမဆုံးအနေနဲ့ တက်ရောက်ရတာဖြစ်လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ တခြားပွဲတွေတော့ တက်ရောက်ဖူးပါတယ်။ ဒါပေမယ့် အခုက သမ္မတကြီးကိုယ်တိုင် ပေးအပ်တဲ့ဆုကို လက်ခံရယူရတာမို့ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ လူငယ်တွေထဲမှာ ကျွန်မထက်တော်တဲ့လူငယ်တွေ အများကြီးရှိပါတယ်။ လူငယ်တွေအနေနဲ့ ဖွဲ့မလျှော့ဘဲ အမြဲကြိုးစားကြဖို့ တိုက်တွန်းအကြံပြုချင်ပါတယ်။

**မောင်သူရဟိန်းထက် (ကယားပြည်နယ် ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်)**

ကျွန်တော်တို့ လူငယ်တွေအတွက် အခုလို ပွဲတွေ စီစဉ်ပေးတဲ့အခါမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေအတွက် လူငယ်ကွန်ရက်တစ်ခု တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေရဲ့ မတူညီတဲ့ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အခက်အခဲတွေကို အချင်းချင်း ဖလှယ်လာနိုင်မယ်။ အခုလို လူငယ်တွေကို ဦးစားပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ လူငယ်တွေရဲ့ အသံကို နိုင်ငံတော်အဆင့်ထိရောက်အောင် ဖော်ထုတ်နိုင်မယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော်တို့ လူငယ်တွေရဲ့ leadership skill တွေ၊ communication skill တွေလည်း ကောင်းလာမှာ ဖြစ်ပါတယ်။ အပြောသက်သက် မဟုတ်ဘဲ လက်တွေ့ လုပ်ဆောင်နိုင်တဲ့ စိတ်ဓာတ်တွေကို ပိုင်ဆိုင်လာမယ်လို့ ကျွန်တော်ထင်မြင်မိပါတယ်။ လူငယ်တွေအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးသင့်တယ်လို့ ထင်မြင်မိပါတယ်။ ကိုယ်တိုင်လည်း လူငယ်တစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် မဆုတ်မနစ်တဲ့ စိတ်ဓာတ်ခွန်အားနဲ့ ကိုယ့်ရဲ့ ရည်မှန်းချက်၊ ကိုယ့်ရဲ့ ပန်းတိုင်ရောက်ရှိလာဖို့ ကြိုးစားကြစေလိုပါတယ်။

**မလွန်းငမ်းညောင် (ချင်းပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့ အခမ်းအနားကို ပါဝင်တက်ရောက်တဲ့အခါ မတူညီတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေနဲ့ သူတို့ဒေသတွေကနေ ထွက်ပေါ်လာတဲ့ စွန့်ဦးတီထွင်မှုပိုင်းဆိုင်ရာတွေကို လေ့လာခွင့်ရတယ်။ လူငယ်တစ်ယောက်အနေနဲ့ အကျိုးကျေးဇူးတွေ အများကြီး ရရှိပါတယ်။ ကျွန်မအနေနဲ့ လူငယ်အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဒီနေ့ ၂၁ ရာစုမှာ လူငယ်တွေရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ လူငယ်တွေအတွက် ရရှိနိုင်မယ့် အခွင့်အလမ်းတွေအကြောင်းကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေးကဏ္ဍကိုအဓိကထားဆောင်ရွက်ပေးသင့်တယ်လို့ ထင်ပါတယ်။ လူငယ်ဆိုတာ အနာဂတ်ရဲ့ အရင်းအမြစ်တွေ ဖြစ်တာမို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့ နိုင်ငံက ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**မမြမ္ဘူလှိုင်(ကယားပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့ အခမ်းအနားမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ သူငယ်ချင်းအသစ်တွေ တွေ့ဆုံခွင့်ရမယ်၊ လူငယ်တွေအားလုံး တွေ့ဆုံပြီး သူတို့ရဲ့ မတူညီတဲ့ အတွေ့အကြုံတွေကို သိခွင့်ရမယ်၊ လေ့လာခွင့်ရမယ်၊ ဒါကြောင့် ပါဝင်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာတော့ ကျွန်မ သူငယ်ချင်းတွေ ပါဝင်ဆွေးနွေးဖို့ရှိပါတယ်။ ကျွန်မကတော့ ဆွေးနွေးမှုတွေ၊ အတွေ့အကြုံ ဝေမျှမှုတွေအပေါ်ကနေ သိချင်တာကို မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လူငယ်တစ်ဦးချင်းစီမှာ မတူညီတဲ့ အတွေးအခေါ်တွေရှိပါတယ်။ ဒီလိုပွဲမျိုးတွေ လုပ်ပေးခြင်းအားဖြင့် လူငယ်တွေရဲ့ အတွေ့အကြုံတွေကို sharing လုပ်ခွင့်ရမှာ ဖြစ်ပါတယ်။ လူငယ်အချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မယ့် အခွင့်အရေးရရှိမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးစေချင်ပါတယ်။ ကျွန်မတို့က နယ်ဘက်ကလည်း လာတာဖြစ်တဲ့အတွက် တချို့နေရာလေးတွေမှာ ပညာသင်ယူဖို့ အခက်အခဲလေးတွေ ရှိပါတယ်။ လူငယ်တွေကို ပြောချင်တာကတော့ အခုခေတ်က နည်းပညာတွေ တိုးတက်လာတာဖြစ်တဲ့အတွက် ပညာကို ဆက်တိုက်အဆက်မပြတ် သင်ယူပြီး နိုင်ငံအတွက် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောလိုပါတယ်။

**မနီလာဝင်း(ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ကျွန်မက အခုလိုပွဲမျိုးကို ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရတာဖြစ်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိသလို အတွေ့အကြုံကောင်းတွေလည်း ရရှိမှာဖြစ်တဲ့အတွက် ပါဝင်တက်ရောက်တာဖြစ်ပါတယ်။ လူငယ်တွေကြားမှာ Artificial Intelligence–AI နည်းပညာက ရေပန်းစားပါတယ်။ AI နည်းပညာထွန်းကားလာတဲ့အချိန်မှာ အခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုတွေပါ တွဲပြီးပါလာတာပါ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လူငယ်တွေမှာ ကျွမ်းကျင်မှုစွမ်းရည်တွေ မရှိမဖြစ် လိုအပ်တယ်လို့ ထင်ပါတယ်။

ဒီနေ့ အခမ်းအနားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံခွင့်ရပြီး လူငယ်တွေအချင်းချင်း အတွေးအမြင်တွေ၊ အတွေ့အကြုံတွေကို သိရှိဖလှယ်ခွင့်ရမှာမို့ ဝမ်းသာပါတယ်။ ဒီနေ့ သိမြင်ရရှိမယ့် ဗဟုသုတတွေကို ကျွန်မတို့ ကချင်ပြည်နယ်ကိုပြန်ရောက်တဲ့အခါ ပြန်လည်ဆွေးနွေးမျှဝေပေးသွားချင်ပါတယ်။

**ဒေါ်သူဇာဝင်း ( တာဝန်ခံ၊ ကရင်ပြည်နယ် လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်း)**

ဒီနေ့ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့မှာ ကရင်ပြည်နယ် လူငယ်လုပ်ငန်းရှင် တစ်ဦးအနေနဲ့ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို စီစဉ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကရင်ပြည်နယ်ပြခန်းမှာ ကရင်ရိုးရာ ဂျပ်ခုတ်အထည်တွေ၊ ဒေသခံလုပ်ငန်းစွန့်ဦး တီထွင်လုပ်ငန်းရှင်တွေရဲ့ မျှစ်ချဉ်လုပ်ငန်း၊ စက်မှုကုန်ကြမ်း ထုတ်ကုန်တွေကို အဓိကထားပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထုံးအိုင်ဒေသနဲ့ ရွှေဂွန်း (ရွှေကွန်) ဒေသမှာရှိတဲ့ မြေပဲလှော် လုပ်ငန်းက မြေပဲတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။ ကရင်ရိုးရာဂျပ်ခုတ်လုပ်ငန်းကို အစဉ်အဆက်ရိုးရာ ထိန်းသိမ်းတဲ့ အမွေအနှစ် တစ်ခုအနေနဲ့ ရေရှည်တည်တံ့ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းစေချင်တဲ့စိတ်နဲ့ ကရင်ရိုးရာ ဂျပ်ခုတ်ကို လူငယ်စွန့်ဦးတီထွင် အနေနဲ့ အခုခေတ်နဲ့ကိုက်ညီတဲ့ ဒီဇိုင်းဖန်တီးမှု ရေးဆွဲပြီး လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်က ထွက်တဲ့ ဝါဂွမ်းအပါအဝင် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေ ကနေထွက်တဲ့ ဝါချည်တွေကို ယူပြီး လက်ရက်ကန်း ဂျပ်ခုတ်အနေနဲ့ ထုတ်လုပ်ထားတဲ့ ပဝါတွေ၊ စောင်တွေ၊ လုံချည်တွေ ပါဝင်ပါတယ်။

အဓိက ဒီပွဲတက်ရောက်တဲ့ မျှော်လင့်ချက်ကတော့ လူငယ်တွေရဲ့ အိပ်မက်တွေ၊ စိတ်ကူးတွေ၊ ဆန်းသစ်တီထွင်ချင်တဲ့ စိတ်တွေကို ဒီပွဲကနေတစ်ဆင့် တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေနဲ့ တွေ့ပြီးတော့ အိုင်ဒီယာတွေ ဖလှယ်လို့ရတယ်။ ရိုးရာလုပ်ငန်းကနေ အခု Update ဖြစ်နေတဲ့ ဖန်တီးမှုတွေနဲ့ ပေါင်းစပ်ပြီး ကမ္ဘာမှာရှိတဲ့ ကရင်တိုင်းရင်းသားတွေ၊ မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိကြတဲ့ တိုင်းရင်းသားတွေအားလုံးမြင်အောင် ဖန်တီးလုပ်ဆောင်နိုင်လို့ ရတယ်ဆိုတာကို သိရှိသွားပါတယ်။

နိုင်ငံတော် အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေက လူငယ်တွေရဲ့ စီးပွားရေးကဏ္ဍတွေကို ဘက်ပေါင်းစုံကနေ တိုးတက်အောင်ဆောင်ရွက်ပေးနေတာကို မြင်တွေ့ခွင့်ရတယ်။ ဒီနေ့မှာ ကျွန်မတို့လိုပဲ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်လူငယ်တွေရဲ့ လုပ်ငန်းသဘောသဘာဝကို သိမြင်ခွင့်ရတယ်၊ အချင်းချင်းတွေ့ဆုံဆွေးနွေး ဖလှယ်ခွင့်ရတယ်။ လုပ်ငန်းတွေ ရှေ့ဆက်လုပ်ဖို့လည်း ခွန်အားတွေ၊ ကြိုးစားချင်စိတ်တွေ အများကြီး ရပါတယ်။ လူငယ်တွေရဲ့ လိုအပ်ချက်တွေကို နိုင်ငံတော်က အထောက်အပံ့ပေးတဲ့ ပွဲတစ်ခုလို့ ထင်မြင်မိပါတယ်။

**ဦးကျော်မင်းခိုင်(လူမှုရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ ကချင်ပြည်နယ်ကနေ စွန့်ဦးလုပ်ငန်းရှင် သုံးယောက်၊ ပြခန်းပြမယ့် လူငယ်လုပ်ငန်းရှင် သုံးယောက်၊ လူငယ်စကားဝိုင်း တက်မယ့် လူငယ်လေးယောက်၊ အုပ်ချုပ်သူတွေနဲ့ အားလုံးစုစုပေါင်း ၁၃ ယောက် လာခဲ့တာပါ။ MSME လုပ်ငန်း လုပ်ကိုင်တဲ့ လူငယ်တွေကို ခေါ်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေအနေနဲ့ အခုလိုပွဲတွေမှာ လာရောက်ပြသခြင်းအားဖြင့် သူတို့ရဲ့ ထုတ်ကုန်တွေကို ရဲဝံ့စွာနဲ့ ဖော်ထုတ်ပြသနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က လူငယ်တွေကို အလေးထားတယ်ဆိုတာ လူငယ်တွေ သိရှိခြင်းအားဖြင့် ပိုပြီး ကြိုးစားလာမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ MSME ပြပွဲအပြင် လူငယ်တွေအတွက် ပြပွဲပြိုင်ပွဲတွေ ပြုလုပ်ပေးစေချင်ပါတယ်။ ဒါမှ လူငယ်ကဏ္ဍတွေ ပိုမိုတိုးတက်အောင်မြင်ပြီး နိုင်ငံတော်အတွက် ပိုမိုပါဝင်လာနိုင်မယ်လို့ ထင်မြင်မိပါတယ်။

*စာမျက်နှာ ၁၃ သို့*

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄) တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများ ပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ(**အပေါ်ပုံ**)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံခဲ့၍ ... [continues]




ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့)အလားတူရာထူးအတိုင်းပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန် ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာပါ(ပြည်)အသင်းနှင့် ကသစ်မြေ(မြို့သစ်)အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်



**နေပြည်တော် ဩဂုတ် ၁၂**

ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် မင်္ဂလာပါ(ပြည်)အသင်းနှင့် Banana(မင်းတုန်း) အသင်းတို့သည် ယနေ့ညနေ ၃ နာရီခွဲက မကွေးမြို့ တိုင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မင်္ဂလာပါ(ပြည်)အသင်းက သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ကသစ်မြေ(မြို့သစ်)အသင်းနှင့် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မင်္ဂလာပါ (ပြည်) အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစတင်ပြီး ၃ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၃၆ မိနစ်တွင် ဇင်ဖြိုးပိုင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ပွဲချိန် ၇၉ မိနစ်တွင် မင်္ဂလာပါ (ပြည်) အသင်းမှ ရဲမျိုးအောင်က တတိယမြောက်အနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် မင်္ဂလာပါ (ပြည်) အသင်းက သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-SMA**

*စာမျက်နှာ ၁၂ မှ*

**ဦးရဲရင့်(တွဲဖက်ဘဏ္ဍာရေးမှူး၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီပွဲမှာ လာရောက်ခင်းကျင်းပြသရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့အသင်းဝင် လူငယ်တွေ စွန့်ဦးတီထွင်ပြီး ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို အများပြည်သူတွေ သိရှိပြီး ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဖြန့်ဝေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းမှာဆိုရင် သောက်ရေသန့်၊ T-shirt အင်္ကျီတွေ၊ ကော်ဖီတွေနဲ့ ပျားရည်တွေကို ပြသထားပါတယ်။ ကျွန်တော်တို့အသင်းကို လူငယ်တွေနဲ့ စုစည်းဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အသင်းထဲမှာ စီးပွားရေးကို ကိုယ်တိုင် ကိုယ်ကျ ထူးထူးချွန်ချွန် လုပ်နိုင်တဲ့ လူငယ်တွေ အများကြီးရှိတယ်ဆိုတာကို ပွဲကိုတက်ရောက်လာကြတဲ့ လူငယ်တွေ သိရှိပြီး အတုယူ ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် ရည်ရွယ်ပြသတာ ဖြစ်ပါတယ်။

လူငယ်ကဏ္ဍနဲ့ ပတ်သက်ပြီး ပြောရရင် လူငယ်တွေ လမ်းမှားမရောက်အောင်နဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ တတ်ကျွမ်းပြီး နိုင်ငံတော်နဲ့ လူသားအရင်းအမြစ်ကောင်းကျိုးကို တစ်ထောင့်တစ်နေရာကနေ စွမ်းစွမ်းတမံ ပါဝင်လာနိုင်အောင် အသိပညာတွေ၊ အတတ်ပညာတွေ လေ့ကျင့်ပေးစေချင်ပါတယ်။ မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး Forum တွေ၊ International Youth Day ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသား လူငယ်တွေအတွက် လိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေ လှူဒါန်းတာ၊ ထူးချွန်လူငယ်တွေကို ချီးမြှင့်တာတွေလည်း လုပ်ဆောင်ခဲ့ပါတယ်။ အသင်းစတင်တည်ထောင်တဲ့ ၂၀၁၈ ခုနှစ်ကနေ အခုလက်ရှိ ၂၀၂၆ အထိ ထူးချွန်တဲ့ အသင်းဝင်လူငယ် ၅၀ ကို International Youth Day တွေ၊ Youth Forum တွေနဲ့ Japan Youth Summit တွေကို စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ လူငယ်တွေကို အားပေးစကားပြောချင်တာက လက်ရှိကာလမှာ အသိပညာ၊ အတတ်ပညာတွေကို ပိုပြီး ကြိုးစားသင်ယူကြပါ။ အမှားအမှန်ကို ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ဝေဖန်ပိုင်းခြားပြီး နိုင်ငံတော်နဲ့လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ စွမ်းစွမ်းတမံ ပါဝင်ပေးကြပါလို့ ပြောချင်ပါတယ်။ **တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်**

**ဓာတ်ပုံ-လုလင်ငယ်**

# နယ်သာလန်၌ ကာလရှည်ကြာ မိုးခေါင်မှုနှင့် ကြုံတွေ့နေရ



သည်ဟိတ် ဩဂုတ် ၁၂

နယ်သာလန်နိုင်ငံ၌ ကာလရှည်ကြာ မိုးခေါင်မှုနှင့် ကြုံတွေ့နေရပြီး ရေချိုထိန်းသိမ်းရန်နှင့် ဖြန့်ဖြူးရန်တို့မှာ ဖိအားများအောက် ရောက်ရှိနေကြောင်း အခြေခံအဆောက်အအုံနှင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက ဩဂုတ် ၁၂ ရက်တွင် ပြောသည်။ အပတ်စဉ် မိုးခေါင်မှုစောင့်ကြည့်ရေးအစီရင်ခံစာတွင် အဆိုပါ အခြေအနေကို ဆိုးရွားသည့် အခြေအနေဟု ဖော်ပြထားသည်။

ဂျာမနီနိုင်ငံမှ နယ်သာလန်နိုင်ငံသို့ စီးဝင်လာသည့် ရိုင်းမြစ်ရေသည် လိုဘစ်သ်ကျေးရွာသို့ ရောက်ရှိချိန်တွင် ရေစီးဆင်းမှုမှာ တစ်စက္ကန့်လျှင် ၆၁၅ ကုဗမီတာအထိ ကျဆင်းနေပြီး အနိမ့်ဆုံးစံချိန်ဖြစ်ကြောင်း သိရသည်။ မြစ်ရေစီးဆင်းမှု နည်းပါးခြင်းသည် ဒီဇင်ဘာလအထိ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပြီး လာမည့်သီတင်းပတ်အတွင်း ပူနွေးသည့် ရာသီဥတုနှင့် မိုးရွာသွန်းမှုအနည်းငယ်ရှိလာမည်ဟု ခန့်မှန်းထားသည်။

ကာလရှည်ကြာ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးနှင့် ဂေဟစနစ်တွင် ထိခိုက်မှုများ တိုးလာပြီး အချို့ဒေသများ၌ သီးနှံများ ပျက်စီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ရေအရည်အသွေးမှာလည်း ကျဆင်းလာပြီး စိမ်းပြာရေညှိများ ပေါက်ပွားလာခြင်းကြောင့် အချို့ဒေသများတွင် ငါးသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဗီယက်နမ်၌ ၂၀၃၀ ပြည့်နှစ်အထိ လုပ်သား ၁၀ သန်းခန့်အား အခြေခံအေအိုင်ကျွမ်းကျင်မှု လေ့ကျင့်ပေးမည်

ဟနွိုင်း ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အထိ လုပ်သား ၁၀ သန်းခန့်အား အခြေခံအေအိုင်ကျွမ်းကျင်မှု လေ့ကျင့်ပေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ အမျိုးသားအဆင့် အေအိုင်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ လေ့ကျင့်ပေးသွားမည်ဟု Nhan Dan နေ့စဉ်သတင်းစာတွင် ဩဂုတ် ၁၂ ရက်က ဖော်ပြထားသည်။

အဆိုပါ အစီအစဉ်ကို ဒုတိယဝန်ကြီးချုပ် လေတီယန်ချောင်က ဩဂုတ် ၁၁ ရက်တွင် အတည်ပြုပေးခဲ့ပြီး မဟာဗျူဟာမြောက် နည်းပညာကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အမျိုးသားနည်းပညာဆိုင်ရာ ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကို ခိုင်မာစေရန်အတွက် လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ထားသည်။

အေအိုင်အထူးကျွမ်းကျင်သူနှင့် အရည်အချင်းပြည့်မီသည့် လုပ်သား ၁၀၀၀၀ ကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ပြုလုပ်ပေးသွားမည် ဖြစ်သည်။ ထိုအထဲတွင် အေအိုင်လုပ်ငန်းတာဝန်များနှင့် နည်းပညာပိုင်းကို ကျွမ်းကျင်ပြီး သုတေသနပြုလုပ်နိုင်သူ ၁၅၀၀ ခန့် ပါဝင်မည်ဖြစ်သည်။ ၂၀၃၅ ခုနှစ်သို့ ရောက်ရှိလျှင် ဗီယက်နမ်နိုင်ငံသည် အေအိုင်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတွင် ဒေသတွင်းဦးဆောင်သည့်နိုင်ငံများအနက် ပါဝင်နိုင်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဥရောပအနောက်ပိုင်း၌ ဇွန်နှင့် ဇူလိုင်လ ပျမ်းမျှအပူချိန် စံချိန်တင်မြင့်မား

ပါရီ ဩဂုတ် ၁၂

ဥရောပအနောက်ပိုင်း၌ ဇွန်လနှင့် ဇူလိုင်လတို့၏ ပျမ်းမျှအပူချိန်မှာ စံချိန်တင်အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအေဂျင်စီက ပြောသည်။

ပြင်သစ်၊ စပိန်နှင့် ဂျာမနီနိုင်ငံအပါအဝင် နိုင်ငံအများအပြား၏ ပျမ်းမျှအပူချိန်မှာ ၂၁ ဒသမ ၆၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ကြောင်း ကော့ပါးနီကပ်စ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ထားသည်။ အဆိုပါအပူချိန်မှာ ၁၉၉၁ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား ဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန်ထက် ၂ ဒသမ ၇၉ ဒီဂရီဆဲလ်စီးယပ်စ် ပိုမိုမြင့်မားကြောင်း သိရသည်။

အဆိုပါဒေသသည် မိုးရေချိန်အလွန်နည်းပါးသည့် အခြေအနေနှင့်လည်း ကြုံတွေ့နေရပြီး စိန်း (Seine)၊ ရိုင်း(Rhine)နှင့် ဒန်နုဘ် (Danube) ကဲ့သို့သော မြစ်များတွင် ရေမျက်နှာပြင်အလွန်အမင်းနိမ့်ကျနေကာ ရေထောက်ပံ့ပေးမှုနှင့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများတွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**




# ယခုနှစ် ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက် တစ်ရက်လျှင် ရေနံစည် ခြောက်သိန်းတိုးလာနိုင်ဟု OPEC ခန့်မှန်း

ဗီယင်နာ ဩဂုတ် ၁၂

ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက်မှာ ယမန်နှစ်ထက် ယခုနှစ်တွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၆၀၀၀၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားသော်လည်း ယင်းပမာဏမှာ ယခင်လက အကဲဖြတ်တွက်ချက်မှုထက် လျော့နည်းသွားကြောင်း ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC) က ဩဂုတ် ၁၂ ရက်တွင် ပြောသည်။

OPEC အဖွဲ့သည် ၎င်းတို့၏ နောက်ဆုံးထုတ်ပြန်သော လစဉ်ရေနံဈေးကွက် အစီရင်ခံစာတွင် ထိုကဲ့သို့ ခန့်မှန်းထားခြင်းဖြစ်သည်။ ဇူလိုင်လထုတ် ယခင်အစီရင်ခံစာတွင် အဆိုပါအဖွဲ့က ယခုနှစ်အတွင်း ယမန်နှစ်ထက် ကမ္ဘာလုံးဆိုင်ရာရေနံလိုအပ်ချက်မှာ တစ်ရက်လျှင် ရေနံစည် ၈၀၀၀၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းတွက်ချက်ခဲ့သည်။




ယခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက်ခန့်မှန်းမှု လျော့နည်းခဲ့သော်လည်း အစီရင်ခံစာက ၂၀၂၇ ခုနှစ်အတွက် ခန့်မှန်းမှုကို ဆက်လက်တိုးမြှင့်သတ်မှတ်ခဲ့သည်။ ၂၀၂၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက်မှာ တစ်ရက်လျှင် ရေနံစည် ၂ ဒသမ ၂ သန်းခန့်အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ ယင်းမှာ ယခင်ခန့်မှန်းထားသည့် တစ်ရက်လျှင် ရေနံစည် ၁ ဒသမ ၉ သန်းထက် မြင့်တက်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ကိုလံဘီယာ၌ အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၈၀ ကျော်လာပြီး အသက်ရှင်ကျန်ရစ်သူများအား အပျက်အစီးများကြား ရှာဖွေလျက်ရှိ

ဘိုဂိုတာ ဩဂုတ် ၁၂

ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁၀ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၈၀ ကျော်လာပြီး အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများမှာ အပျက်အစီး များကြားတွင် အသက်ရှင် ကျန်ရစ်သူများအား ရှာဖွေရန် အချိန်နှင့်အမျှ ကြိုးပမ်းလုပ်ဆောင်နေရကြောင်း သိရသည်။

ကုလသမဂ္ဂက ယင်းငလျင်ကြောင့် လူပေါင်း ၁၈၂ ဦး သေဆုံးပြီး ၁၉၅ ဦး ပျောက်ဆုံးနေကြောင်းနှင့်လူပေါင်း ၂၅၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ပြောသည်။ ငလျင်ဒဏ်သင့်ဒေသအချို့မှာ တောင်ပေါ်ဒေသများ ဖြစ်ခြင်းနှင့် နေရာအများအပြားတွင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်နေခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုအတိအကျသိရှိရန် အချိန်ကြာမြင့်နိုင်ကြောင်း လေ့လာသူများက ပြောသည်။

နိုင်ငံ၏ အနောက်ပိုင်းကို ဗဟိုပြုကာ ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲဝန်းကျင်တွင် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်ဝန်းကျင်နှင့် အနောက်တောင်ဘက်ဒေသများအပါအဝင်ဒေသအများအပြားရှိ အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တူကီယဲ လေတပ်ပိုင် F-16 တိုက်လေယာဉ် လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

အင်ကာရာ ဩဂုတ် ၁၂

တူကီယဲ လေတပ်ပိုင် F-16 တိုက်လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၂ ရက်က လေ့ကျင့်ပျံသန်းစဉ် တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ ယာလိုဗာပြည်နယ်၌ ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးမှာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနက လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် လေယာဉ်သည် ပုံမှန်လေ့ကျင့်ရေးမစ်ရှင်တစ်ခု ဆောင်ရွက်နေစဉ် ပျက်ကျခဲ့ကြောင်း ဖော်ပြထားပြီး လေယာဉ်မပျက်ကျမီ လေယာဉ်မှူးသည် အရေးပေါ်ထွက်ခွာနိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ ပျက်ကျရသည့်အကြောင်းရင်းကို အသေးစိတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ပျက်ကျမှုဖြစ်ပွားပြီးနောက် လူနာတင်ယာဉ်များနှင့် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ရေကြီးမှုကြောင့် ရေမှတစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ဟု ကျန်းမာရေးအာဏာပိုင်များ သတိပေး

မနီလာ ဩဂုတ် ၁၂

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်ပြီးနောက် ရေမှတစ်ဆင့် ကူးစက်သည့်ရောဂါများ ဖြစ်ပွားနိုင်မှုကို ဖိလစ်ပိုင်ကျန်းမာရေးအာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း ပြည်တွင်းမီဒီယာတွင် ဩဂုတ် ၁၂ ရက်က ဖော်ပြထားသည်။

အနောက်တောင်မုတ်သုံလေကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ကျန်းမာရေးအန္တရာယ်များ မြင့်တက်လာနိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်း အီလိုကိုစ်ဒေသရှိ ကျန်းမာရေးစင်တာက သတိပေးထားသည်။ မိုးရာသီတွင် ကူးစက်ပျံ့နှံ့လေ့ရှိသည့် တုပ်ကွေး၊ လက်ပ်တိုစပိုင်ရိုစစ်နှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို သတိပြုကြရန် ဒေသခံများအား တိုက်တွန်းထားကြောင်း အီလိုကိုစ်ဒေသဆိုင်ရာ ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာ ဟယ်လင်ဒီတိုဗိုင်းရပ်စ်က ပြောသည်။ **ဆင်ဟွာ**

# ကင်မရွန်းနိုင်ငံ အနောက်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားရာဒေသတွင် ၁၃ ဦး ပြန်ပေးဆွဲခံရ

ယာအွန်ဒေး ဩဂုတ် ၁၂

ကင်မရွန်းနိုင်ငံ၏ ပဋိပက္ခများ ဖြစ်ပွားနေသော အနောက်မြောက်ပိုင်းဒေသရှိ ဘာတီဘို-မမ်ဖီးလမ်းမပေါ်တွင် ယမန်နေ့က အနည်းဆုံးလူ ၁၃ဦးကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း ဒေသခံများနှင့်လုံခြုံရေးသတင်းရင်းမြစ်များက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လက်နက်ကိုင်အမျိုးသားများက ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို ရပ်တန့်စေပြီး ကားပေါ်ရှိ လူအားလုံးကို ဆင်းခိုင်းခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ တိုက်ခိုက်သူများသည် ငွေကြေးနှင့်ပစ္စည်းများကို ယူဆောင်သွားပြီးနောက် လူ ၁၃ဦးကို တောထဲသို့အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းရင်းမြစ်တစ်ခုကပင် ပြန်ပေးဆွဲသူများသည် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန်အတွက် ပြန်ပေးငွေ တောင်းဆိုနေကြောင်း ပြောကြားခဲ့သည်။

ကင်မရွန်းနိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ပြန်ပေးငွေတောင်းခံရန် လူများကို ပြန်ပေးဆွဲခြင်းများ မကြာခဏ ပြုလုပ်လေ့ရှိသည်။ **ဆင်ဟွာ**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားသုံးဦး၊ ယူဂန်ဒါနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများမှ ပိုက်ကျော်ခြင်း အားကစားသမားများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း အဖွဲ့ခေါင်းဆောင် ဦးသန်းလွင် ဦးဆောင်ပြီး အမျိုးသားအသင်းနည်းပြများအဖြစ် ဦးကျော်မင်းစိုး၊ ဦးထက်ဇော်၊ အမျိုးသမီးအသင်းနည်းပြများအဖြစ် ဦးအောင်ချိုမြင့်၊ ဒေါ်နန့်ယဉ်ယဉ်မြင့်နှင့် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၂၄ ဦး၊ စုစုပေါင်းအင်အား ၂၉ ဦးတို့သည် ပြိုင်ပွဲအမျိုးအစားပေါင်း ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမ(ရွှေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသား ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ(ငွေတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ (ငွေတံဆိပ်) ဆုကို လည်းကောင်း၊ မြန်မာနိုင်ငံအတွက် စုစုပေါင်းရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် သုံးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

## အဆင်ပြေချိန် ပြင်ဆင်ပေးပါ

သို့

**အယ်ဒီတာခင်ဗျား**

မိုးကာလ၊ အခုလို နေ့တိုင်း မိုးသည်းကြီးမည်းကြီး ရွာနေတဲ့အချိန်မှာ လမ်းပြင်ဆင်မွမ်းမံဖို့ ခက်ခဲတာ နားလည်ပါတယ်။ ကျွန်တော်တို့ ရုံးတက်ရုံးဆင်းလုပ်ရတဲ့ ပျဉ်းမနား–တောင်ညိုလမ်းမကြီး မြို့မဈေးအနီး ခရေအိမ်ရာ အတက်/ အဆင်းလမ်းဝန်းကျင်က ချိုင့်ခွက်ကြီးတွေက သိပ်ကြီးလွန်းနေလို့ နေလေး နည်းနည်းပွင့်တဲ့ရက်၊ နေနည်းနည်းသာတဲ့ရက်မှာ အဆင်ပြေရင် ပြင်ဆင်ပေးဖို့ အယ်ဒီတာ့ထံပေးစာကတစ်ဆင့် တင်ပြလိုက်ရပါတယ်။ **မောင်ပု၊ ခရေအိမ်ရာနေဝန်ထမ်း**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ– mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။


---

▼ *ကျောဖုံးမှ*

FC Jurong အသင်းနှင့် သုဝဏ္ဏကွင်း၌ စတင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီတွင် လက်ဘနွန်ကလပ် No Limits FC အသင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီတွင် တရုတ်(တိုင်ပေ)ကလပ်အသင်းတို့နှင့် သုဝဏ္ဏကွင်း၌ပင် ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အုပ်စုပထမရရှိသည့် တစ်သင်းတည်းသာ နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရမည် ဖြစ်ရာ ပွဲစဉ်တိုင်းသည် အရေးပါသည့်အတွက် ရောဝတီအသင်းအနေဖြင့် အကောင်းဆုံးပုံစံဖြင့် ကြိုးစားယှဉ်ပြိုင်ရန် လိုအပ်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၅–၂၀၂၆ AFC အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ISPE FC အသင်းက မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ရောဝတီအက်ဖ်စီအသင်းက ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–AWFC**

---

❒ *ကျောဖုံးမှ*

အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ပြိုင်ပွဲ တစ်ရက် နားမည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✳ *ကျောဖုံးမှ*

အထူးသဖြင့် အုပ်စုပွဲစဉ်များ၏ Draft Pick ရွေးချယ်မှုတွင် Ranking မြင့်သည့်အသင်းက ဦးဆောင်ရွေးချယ်ခွင့် ရရှိမည်ဖြစ်သည်။ ထို့ပြင် အဆင့်တူ ထိပ်တန်းအသင်းများနှင့် တွေ့ဆုံခွင့်ရမည်ဖြစ်၍ ပိုမိုကောင်းမွန်သည့် ပြိုင်ဘက်များနှင့် လက်ရည်စမ်းနိုင်မည့် အခွင့်အရေးကောင်းများ ရရှိလာမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–MFF**

---

❖ *ကျောဖုံးမှ*

ထားရှိသော ငွေကျပ်သိန်း ၆၀၀ မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား ဖော်ထုတ်အရေးယူပေးပါရန် ကမာရွတ်မြို့မရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုံစမ်းဖော်ထုတ်ချက်အရ ခိုးမှုကျူးလွန်သူ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုန်းကုန်းကျေးရွာနေ ဇော်လတ်(ခ) အောင်ဇော်လတ် (၃၈) နှစ်အား ဩဂုတ် ၉ ရက် ညပိုင်းတွင် ၎င်း၏ နေအိမ်၌ ခိုးမှုကျူးလွန်ရာမှရရှိခဲ့သည့် ငွေကျပ်သိန်း ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဇော်လတ် (ခ) အောင်ဇော်လတ် ၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကမာရွတ်မြို့နယ် (၁) ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ ရပ်တန့်ထားသည့် YGN–8 2F---- NISSAN MARCH အဖြူရောင်ယာဉ်ပေါ်မှ ပိုင်ရှင် အမျိုးသမီး ဆင်းလာကာ ယာဉ်အားလော့ချစဉ် ၎င်းမှ မော်တော်ယာဉ်၏ ဝဲဘက်အနောက်တံခါး လက်ကိုင်ကွင်းအား လော့ချမရအောင် မတင်ထားခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပိုင်ရှင် MAB Bank သို့ သွားရောက်နေစဉ် ငွေကျပ်သိန်း ၆၀၀ အား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်ရာ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ခိုးယူရရှိငွေဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၀၀ အား ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိနေအိမ်မှ လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ နေအိမ်မှ ငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဇော်လတ်(ခ) အောင်ဇော်လတ်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ခိုးမှုကျူးလွန်သူ ဇော်လတ် (ခ) အောင်ဇော်လတ် အား သိမ်းဆည်းရမိသည့် ငွေများနှင့်အတူ တွေ့ရစဉ်။

# မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၂
အနာဂတ်နိုင်ငံတော်အတွက် ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းပြည်ချစ်စိတ်၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ်တွင် မှီတည်လျက်ရှိရာ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့်ပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် စနစ်တကျပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားကို ကျောင်းသားကျောင်းသူများက လူငယ်စွမ်းရည်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပေးကြပြီး ကချင်ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်သဝဏ်လွှာကိုဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှတ်တမ်းဗီဒီယိုနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတေးသရုပ်ဖော်အက ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ကချင်ပြည်နယ်မှ မြန်မာ့လက်ရွေးစင်အဖြစ် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားနည်းဖြင့် ဆုတံဆိပ်ရရှိခဲ့သူ နှစ်ဦး၊ ကစ်ဘောင်စင်အားကစားနည်းဖြင့် ဆုတံဆိပ်ရရှိခဲ့သူတစ်ဦး၊ ဝူရှူးအားကစားနည်းဖြင့် ဆုတံဆိပ်ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ခန်းမအတွင်း အခြေခံပညာကျောင်းများမှ ပြသထားသည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စွမ်းရည် လက်မှုပညာ၊ သိပ္ပံပညာပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက် )





## မကွေးမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မကွေး ဩဂုတ် ၁၂
၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်လူငယ် ၁၈ ဦးအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး မကွေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့လာသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားကာ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထူးချွန်လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မောင်ခိုင်မင်း**
(ပြန်/ဆက်)

## ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၁၂
၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် ဝိဇ္ဇာဘာသာတွဲ အဆင့်(၁)ရရှိသူ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် စက်မှုအတတ်ပညာ(လျှပ်စစ်)ထူးချွန်အဆင့်ရရှိသူ နှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးရေးအတတ်ပညာ အဆင့်(၄)ရရှိသူတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ကဏ္ဍအလိုက်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့လာသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားကာ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပဲခူးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက်နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ၁၈၉ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ညောင်လေးပင် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဒေသအတွင်းငါးမျိုး



ပြန့်ပွားရေး၊ ငါးသယံဇာတတိုးပွားလာစေရေး၊ တစ်ပိုင်တစ်နိုင်ဟင်းစား ရရှိရေးနှင့် ငါးစားသုံးမှုဖူလုံစေရေးတို့အတွက်ရည်ရွယ်၍ ယနေ့နံနက်က ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်နှင့် ဦးမြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာစုမျိုးသွယ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝါးရုံကုန်းချောင်းရေပြင်အတွင်းသို့ ပဲခူးငါးသားဖောက်စခန်းမှမွေးမြူထားသော နှစ်လက်မအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၀၀၀၀၀ တို့ကို ဝါးရုံကုန်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိသားစုဝင်ငွေတိုးစီမံကိန်းမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ကလေး ဩဂုတ် ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကလေးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားအငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်းမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ကလေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်



စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသုံးကုန်ကြမ်းများကို လှည့်လည်ကြည့်ရှုကြပြီး သင်တန်းတွင် သင်တန်းသား ၁၅ ဦးအား ဆပ်ပြာအမျိုးမျိုးပြုလုပ်နည်းတို့ကို ဩဂုတ် ၁၂ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သရက်မြို့နယ်၌ ထင်းအစားထိုး လောင်စာတိုးမြှင့်သုံးစွဲရေး လူထုပညာပေးဟောပြော

သရက် ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ထင်းအစားအခြားလောင်စာ



တိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အောင်သီရိရပ်ကွက် ပေတစ်ပင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့်အသုံးပြုရန် လူထုအသိပညာပေးဟောပြောဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဟောပြောပွဲတက်ရောက်လာကြသည့် အိမ်ထောင်စုဝင် ၂၆၀ အတွက် စွမ်းအားမြင့် အေဝမ်းမီးဖို အလုံး ၂၆၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး

ရန်ကုန် ဩဂုတ် ၁၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိအောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ကျင်းပရာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၏ ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစောဆွေက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ အောင်ဘာလေသိန်းဆုဌာနခွဲနှင့် အလယ်အလတ်



အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၂၀ ခန့်တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများကို အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ်၌ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်



ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၂/၂၀၂၆) ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယမန်နေ့ နံနက်ပိုင်းကကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူက အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာဒုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၅၄ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## လားရှိုး၌ အသက်မွေးဝမ်းကျောင်း လက်သမားအတတ်ပညာ သင်ကြားပေး

လားရှိုး ဩဂုတ် ၁၂

လားရှိုးမြို့၌ လက်သမားအတတ်ပညာသင်တန်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ဖွင့်လှစ်ရာ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး ၁၅ ရက်ကြာ သင်ခန်းစာများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးရေးဦးစီးဌာနနှင့် ဒေသခံလက်သမားဆရာကြီးများက ပူးပေါင်းသင်ကြားပေးမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



## တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (ဖီးကြမ်း) ငှက်ပျောပင်များ စိုက်ပျိုး

တံတားဦး ဩဂုတ် ၁၂

ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေး စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ ငှက်ပျောပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ စိုက်ပျိုးမည့် ငှက်ပျောပင်များကို တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များက ဖီးကြမ်းငှက်ပျောပင်များကို ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများထံသို့ပေးပြီး တက်ရောက်လာသူများက ဖီးကြမ်းငှက်ပျောပင် ၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။ ရဲတင့်(ပြန်/ဆက်)

## လွိုင်ကော်မြို့၌ ကတ္တရာလမ်းလုပ်ငန်း အရည်အသွေးတိုင်းတာခြင်း ကွင်းဆင်းစစ်ဆေး

လွိုင်ကော် ဩဂုတ် ၁၂

ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လွိုင်ကော်မြို့ ပန်ကန်းကျေးရွာ ဘိုးလူးနီလမ်း (၀/၂ ဒသမ ၇၁) မိုင်အား ကျောက်မှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စီမံကိန်းစစ်ဆေးရေးနှင့် အရည်သွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်)မှ တာဝန်ရှိသူများနှင့် လွိုင်ကော်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးတို့က ယနေ့နံနက်ပိုင်းတွင် အရည်အသွေး (QC) စစ်ဆေးတိုင်းတာခဲ့ကြောင်း သိရသည်။ မေစု(ပြန်/ဆက်)



## လပွတ္တာမြို့နယ်၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း



**လပွတ္တာ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်ပိုင်းက သဇင်လမ်းနှင့် ဥယျာဉ်ကုန်းလမ်းရှိ ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဖော်ထုတ်ရှင်းလင်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေထူထပ်သည့်လမ်းများရှိ ယာဉ်ယန္တရားမဝင်နိုင်သည့် နေရာများအား လူအားဖြင့် ဖော်ထုတ်ရှင်းလင်းပေးလျက်ရှိကြောင်း သိရပြီး ထွက်ရှိအမှိုက်များ အားလုံးကို စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်များဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ငါးသိုင်းချောင်းမြို့၌ ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များနှင့် အခြားပစ္စည်းများ လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ လေးမျက်နှာမြို့နယ်ရှိ



ငဝန်ရေကာတာ တာမိုင် ၂၅/၃ အနီး အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် ငါးသိုင်းချောင်းမြို့ရှိ ရွှေဘိုရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်အတွင်းသို့ ရေစီးဝင်ခြင်းကြောင့် သက်ဆိုင်ရာ ရေဘေးရှောင်စခန်းများသို့ ယာယီရွှေ့ပြောင်းထားလျက်ရှိသည်။

အဆိုပါ ရေဘေးရှောင်စခန်းများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလှူရှင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆန်၊ ရိက္ခာ၊ အခြေခံစားသောက်ကုန်များနှင့် အခြားပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ်၌ ရေဝင်ရောက်သောပြည်သူများအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေး၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပခုက္ကူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ၊ ကျေးရွာများရှိ ပြည်သူများအား ယမန်နေ့က ရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

မြစ်ရေဝင်ရောက်မှုကြောင့် ပခုက္ကူမြို့ အမှတ် (၁၀)၊ (၁၃)နှင့် (၁၄) ရက်ကွက်များ၊ ရွှေချောင်းကျေးရွာရှိ အိမ်ထောင်စု ၂၀၃ စု၊ လူဦးရေ ၈၄၃ ဦးတို့ကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ရေဘေး



ရှောင်စခန်းဖွင့်လှစ်ထားသည့် နေရာငါးနေရာသို့ ကူညီပြောင်းရွှေ့ပေးပြီး လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

ဘာမီသာ(ပခုက္ကူ)



## ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးဟောပြောပွဲကို ယမန်နေ့က လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာ ဗောဓိကုန်းကျောင်းတိုက်၌ ကျင်းပရာ နေပြည်တော် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်သီတာမြည့်မိမ်းနှင့် တာဝန်ရှိသူများတက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒုဥက္ကဋ္ဌများနှင့် အသင်းဝင်များက တက်ရောက်လာသည့် ကျောင်းသူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမှု၊ သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးအတွက် သိကောင်းစရာများနှင့် social media နှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ထွန်းလင်း

## မြစ်သားမြို့နယ်၌ မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ ပညာပေးဆွေးနွေး

**မြစ်သား ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး ဥပဒေဆိုင်ရာပညာပေးဆွေးနွေးပွဲကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံမိမ်းထွေးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)





## ဝါးခယ်မမြို့နယ်၌ စက်ယန္တရားဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ဩဂုတ် ၁၁ ရက်မှစ၍ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ရေစီးဆင်းမှုကောင်းစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်၏ ညွှန်ကြားမှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်တို့ ကြီးကြပ်ကာ စက်ယန္တရားနှင့် လူအင်အားများ အသုံးပြုပြီး ဝါးခယ်မမြို့၏ အဓိကရေထွက်ပေါက်တစ်ခုဖြစ်သော ရှစ်မျက်နှာဘုရားလမ်းနှင့် မြို့မလမ်းရေထွက်ပေါက်၊ နိဗ္ဗာန်လမ်းရေမြောင်းနှင့် မြို့တွင်းရှိမြောင်းများအားလုံး တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)



## ရေကြည်မြို့နယ်၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

**ရေကြည် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်း မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမိုးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်နိုင်နှင့် ဝန်ထမ်းများက အောင်ဆန်းရပ်ကွက် ကျောင်းလမ်းမကြီး ဝဲယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဖော်ထုတ်ရှင်းလင်းပေးပြီး အမှိုက်များကို အဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျ သိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

အောင်သူဟန်(ပြန်/ဆက်)



## ရွှေပြည်သာမြို့နယ် ရွှေပြည်နို့စားနွားမွေးမြူရေး သမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရွှေပြည်သာ ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေပြည်နို့စားနွားမွေးမြူရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ရွှေပြည်နို့စားနွားမွေးမြူရေး သမဝါယမအသင်းလီမိတက်အသင်းဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေယုဝါလှိုင်က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်း၏အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံ လေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံ မှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## ညောင်ဦး၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

ညောင်ဦး ဩဂုတ် ၁၂

ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ ဝင်ရောက်နေသည့် မြေနိမ့်ပိုင်း ရပ်ကွက်များမှ အိမ်ထောင်စုများကို ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးလျက်ရှိကာ အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၅၉၄ ဦးတို့အား ဆန် ရိက္ခာနှင့် ငွေကျပ် ၂၉ သိန်းကျော်ကို ထောက်ပံ့ပေးအပ်သည်။

ရေဘေးရှောင် စခန်းဖွင့်လှစ်ထားရှိသည့် အမှတ် (၁) ဆုတောင်းပြည့်ဘုရား၊ ဓမ္မာရုံ၊ အမှတ်(၂)ယွန်းတန်း ဓမ္မာရုံ၊ အမှတ်(၄) ရပ်ရှစ်မျက်နှာကျောင်း ဓမ္မာရုံ၊ အမှတ်(၅)ရပ် မြသိန်းတန် ဓမ္မာရုံ၊ အမှတ်(၇)ရပ်ရှိ မြသိန်းတန်ဘုရား ဓမ္မာရုံများရှိ ရေဘေးရှောင်ပြည်သူများအား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသည့် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅) နှင့် အမှတ်(၇)ရပ်ကွက်ရှိ ရေဝင်ရောက်ရာနေရာများ၊ သာယာဝတီစက်လှေဆိပ်၊ ရေစက်လှေဆိပ်နှင့် လောကနန္ဒာဘုရားသွားကားလမ်း ရေကျော်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။ **ဒီပါလင်း**


## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ( ၁၂ )ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနနှင့် စီးပွားရေးဌာနတို့တွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ်၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)ဒုတိယရုံပိုင်ရာထူး(၆၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည် အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားနိုင်ပါသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့် (၉–၉–၂၀၂၆) ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက (၃၅) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(င) မြန်မာ့မီးရထားတိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) အနိမ့်ဆုံးအရပ် (၅) ပေ (၂) လက်မ ကိုယ်အလေးချိန်ပေါင် (၁၀၀) နှင့် (၁၅၀)အတွင်း ရှိရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

(ခ) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်း ထောက်ခံချက်(မူရင်း)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)

၃။ လျှောက်လွှာပုံစံအား သွားလာပို့ဆောင်ရေးဌာန(ရုံးချုပ်)တွင် ထုတ်ယူရန်နှင့် မြန်မာ့မီးရထား (ရုံးချုပ်) သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ လိပ်မူ၍ (၉–၉–၂၀၂၆) ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျ ပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၁၄–၉–၂၀၂၆) ရက်နေ့ နံနက် (၉:၀၀)နာရီမှ ညနေ(၁၆:၀၀) နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များနှင့်အတူ လာရောက်ထုတ်ယူရမည်။

၅။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီးတွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်–

(က) (၁၅–၉–၂၀၂၆) ရက်၊ နံနက် (၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိမြန်မာစာ

(ခ) မွန်းတည့် (၁၂:၀၀) နာရီမှ (၁၄:၀၀) နာရီအထိ အင်္ဂလိပ်စာ

(ဂ) ညနေ (၁၅:၀၀) နာရီမှ (၁၇:၀၀) နာရီအထိ အထွေထွေဗဟုသုတ

၆။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၃၁)ပတ် သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ်ကာလအတွင်း လစာနှုန်းကျပ် (၁၈၀၀၀၀) ဖြင့် စတင်ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေစာမေးပွဲအောင်မြင်သူများအား သွားလာပို့ဆောင်ရေးဌာန၊ (ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးတွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေးဖြေအောင်မြင်သူများအား စိတ်စစ်ဆေးခြင်းနှင့်ကျန်းမာရေးဆေးစစ်ဆေးမှုပြုလုပ်၍ အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၇၇၃၀၄/၇၇၀၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။






## စာအုပ်
## စာပေ
## လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၄၊ မြေကွက်အမှတ်–၅၁၆၊ ဧရိယာ(၀.၀၅၅)ဧက မြေကွက်တည်နေရာအမှတ်–၅၁၆၊ နှင်းဆီလမ်း၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ဖန်ရင်မိတ်(ခ) ဖန်လောက်မေ့ (၁၃/ကခန(နိုင်)၀၀၆၂၀၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ဖန်ရင်မိတ်(ခ)ဖန်လောက်မေ့ (၁၃/ကခန(နိုင်)၀၀၆၂၀၆)အား တရားပြိုင်ထားကာ ဒေါ်ခင်ခင်မြင့်(၁/မညန (နိုင်)၀၇၆၄၉၅)မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံးတော်တွင် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁)မှ ဒေါပုံမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ်–၈၁/၂၀၂၃၏ (၇–၈–၂၀၂၄) စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်–၈၁/၂၀၂၄ ၏ (၂၇–၁၂–၂၀၂၄)အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်ကြောင်းတင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသိရှိကြောင်း (တရားနိုင်)ဒေါ်ခင်ခင်မြင့်မှ လက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဘီလစ် ဦးဆောင်းလွင်ဦး မှ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/၄၇)၊ နှင်းပန်းလမ်းနှင့် နှင်းပန်း(၄) လမ်းထောင့်၊ မြေကွက်အမှတ် (၆၇၁)၊ အလျား ပေ(၄၀) x အနံ ပေ(၆၀) အကျယ်အဝန်းရှိ စလစ် အမည်ပေါက်ပိုင်ရှင် ဦးမြင့်အောင် (၁၂/လမန(နိုင်)၀၇၄၈၈၀) မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းလင်း (၁၁/မဥန(နိုင်)၀၃၆၅၈၀)မှ အဆက်စပ်စာချုပ်စုံလင်စွာဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာ တရားဝင်းလက်ဝယ်ပိုင်ဆိုင်ထားရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ ပူးတွဲပိုင်ဆိုင်ခြင်းမရှိကြောင်းနှင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သူမျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံပေးကမ်းခြင်းနှင့် တစ်ခြားတစ်နည်းနည်းတို့ဖြင့် လွှဲပြောင်းခြင်းမပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ပြုလုပ်လာပါက ပြုလုပ်သူအပါအဝင် ပါဝင်ကူညီသူများ ကိုပါ ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိချိုသဲ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၈၁၄)**
**အမှတ်(၄၆၄)၊ ခေတ္တာလမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း–၀၉–၄၂၁၇၄၀၅၆၅**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၃/၃၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (N၂/၁က–၂)၊ မြေဧရိယာ (၀ဒသမ၁၃၁)ဧကရှိမြေကွက် သည် ဒေါ်မဘုချန် အမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး၊ မိခင်ဒေါ်မဘုချန်သည် (၅–၂–၂၀၀၄)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး၊ (၂၅–၁၀–၂၀၁၁)ရက်တွင် ဖခင်ဦးထိထူးဆန်ဖေရမ်မှ သမီးဒေါ်ဇီရမ်အမည်သို့ အမွေပေးခြင်းခွဲပေးခြင်းကတိစာချုပ်ဖြင့် ပေးကမ်းခဲ့ပြီး၊ ဖခင်ဦးထိထူးဆန်ဖေရမ် လည်း (၁၄–၁၂–၂၀၂၃) ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပြီး၊ ဒေါ်ဇီရမ် ၁/မကန (နိုင်)၀၀၈၃၂၅ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄+၂၆)၊ လူနေရပ်ကွက်အမှတ် (သုမင်္ဂလာအပိုင်း–၂)၊ သုနန္ဒာလမ်း၊ မြေကွက်အမှတ် (၁၁၆/ **B-1**)၊ အကျယ်အဝန်း (၀.၀၇၁)ဧက (၃၀၇၉)စတုရန်းပေရှိ ဦးထွန်းစန်း (၁၁/စတန (နိုင်) ၀၀၉၄၅၀) (**KPW-**၁၃၈၈၄၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းစန်း ထံမှ ကျွန်တော် ဦးအောင်ဇော်ဝင်း (၁၀/မလမ (နိုင်) ၀၁၁၃၅၈)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်ဝင်း (၁၀/မလမ (နိုင်) ၀၁၁၃၅၈)
၀၉– ၇၉၀ ၅၇၂ ၉၂၀

### YADANAR SIN THIRI GEMS COMPANY LIMITED
### ဖျက်သိမ်းရန်ကြေညာချက်

၁။ YADANAR SIN THIRI GEMS COMPANY LIMITED ကိုအစုရှင်များ၏ ဆန္ဒအရအလိုလျောက် ဖျက်သိမ်းရန် (၁၀–၈–၂၀၂၆) ရက်နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထူးအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် B27/7,Chinsu Road, Nawaday Garden Housing, (6) Ward Hlaing Thar Yar Township Yangon နေ ဒေါ်သီတာအေး (B.Com,CPA) (၈/မကန(နိုင်)၀၁၀၅၂၈) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

**ဒေါ်သီတာအေး**
**(B.Com,CPA)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**(MAIP–၀၀၁၉၃)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/5580 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/4754 Forland BJ3042K3, Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်သူ ၉/ပဘန(နိုင်)၀၁၇၉၂၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### အလိမ္မာ စာမှာရှိ

### အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် စံပဟိန်းပညာရေးကိုယ်ပိုင်အထက်တန်းကျောင်း Grade– 6 (D) တွင် ပညာသင်ကြားနေသော (ဘ) ဦးတိုးတိုး ၏ သမီး မကြယ်စင်ချို ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မကြယ်စင်လင်း ဖြစ်ပါကြောင်း။

**မကြယ်စင်လင်း**

### အမည်ပြောင်း

ဦးအောင်အောင် နှင့် ဒေါ်ကေသီဝင့်တို့ ၏ သားဖြစ်သူ လခွဲ အ.မ.က(၁) ဒဂုံမြို့သစ် (တောင်ပိုင်း)Grade –4 တွင် ပညာသင်ကြားနေသူ မောင်စွမ်းထက်ပိုင် အမည်နာမအား မောင်အောင်ခေတ်မင်း အမည်ဖြင့် ပြောင်းလဲသတ်မှတ်မည် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က(ခွဲ) အကျော် Grade 12 မှ မရင်စိုးခိုင် ၁၄/ဓနဖ(နိုင်)၂၄၆၂၅၇ ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းလှိုင် ၁၄/ဓနဖ(နိုင်)၁၁၂၇၀၃ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းလှိုင်**
**၁၄/ဓနဖ(နိုင်)၁၁၂၇၀၃**

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက–ခွဲ (အောင်သာ)မှ အလယ်တန်းပြ ဆရာမ ဒေါ်သိန်းသိန်း ၏ ဖခင်အမည်မှန်မှာ ဦးသာလှိုင် EA ၀၀၇၂၄၃ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

(ဘ)ဦးတင်ရွှေ ၁၄/ပတန (နိုင်) ၀၁၆၄၀၄၏သမီး ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ဓနုဖြူမြို့ အထက(၁) Grade–12 မှ မခင်စကားချို၏ မွေးသက္ကရာဇ် အမှန်မှာ (၂–၃–၂၀၀၉) ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ မချောအိစံ ၁၂/ဒဂမ(နိုင်) ၀၃၄၀၂၆ ၏ မိခင် ဒေါ်အေးမိကျော် (ခ)ဒေါ်အေးမီကျော်သည် အမည် (၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အေးမိကျော်(ခ)ဒေါ်အေးမီကျော်**

## YONGU MYANMAR COMPANY LIMITED

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇)**
